အပ္ပမာဒေါ စ ဓမ္မေသု ဧတံ မင်္ဂလမုတ္တမံ၊ တရား၌ မမေ့မလျော့ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်၊ ၂၀၀၄ ခုနှစ်၊ မတ် ၂၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၇၃)

ယနေ့ထုတ်ခေါင်းရေ - ၂၀၀၃၅၁

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မား ရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်း စောင့် ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တပ်မတော်သည် ခေတ်ကိုရင်ပေါင်တန်းနိုင်ရမည်

ဒို့ရဲ့အဓိကတာဝန်ဟာ နိုင်ငံတော်ကာကွယ်ရေးတာဝန်နဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေးတာဝန်ပဲဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ဖို့အတွက် တပ်မတော်ကို စွမ်းရည်ရှိတဲ့ တပ်မတော်အဖြစ် အမြဲတမ်းရပ်တည်နေနိုင်အောင် တည်ဆောက်ရမှာ ဖြစ်တယ်။ နိုင်ငံတော်ကို အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့ လုပ်ငန်းစဉ်ကြီးထဲမှာ ခေတ်မီတပ်မတော် တည်ဆောက်ရေးလုပ်ငန်းဟာလဲ အရေးပါတဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်။ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး စွမ်းအားတွေ ဖွံ့ဖြိုးလာတာနဲ့အမျှ အဲဒီ လူ့ဘောင်ကို ကာကွယ်ရမယ့် တပ်မတော်ဟာလဲ ခေတ်ကို ရင်ပေါင် တန်းနိုင်ရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

(၅၇) နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ-

နိုင်ငံတော်အစိုးရ၏ မွန်မြတ်မြင့်မားသောရည်မှန်းချက်များအောင်မြင်မှ ခေတ်မီနိုင်ငံတော်ကြီးဖြစ်ထွန်းမည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများတွင် တိုင်းရင်းသားပြည်သူများ တက်ကြွစွာပူးပေါင်းပါဝင် စည်းလုံးညီညွတ်သောပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေး ဥမကွဲသိုက်မပျက်ကြိုးပမ်းဆောင်ရွက်

ရန်ကုန် မတ် ၂၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊စစ်ဦးစီးအရာရှိချုပ်(ရေ)၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ

စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၉ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ပြည်ထောင်စုအဆင့်မြင့် အားကစားကွင်းသစ်ကြီး ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုအဆင့်မြင့်အားကစား ကွင်းသစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မတ်လ ၂၁ ရက်)

တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ရေး ကြိုးပမ်းရေရှည်အကျိုးရှိသည့် ဆီအုန်းစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်

တနင်္သာရီတိုင်း၏ ရေ၊ မြေ၊ ရာသီဥတုသည် ဆီအုန်းစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် ရာသီရေမြေဖြစ်သည်။ ထို့ကြောင့် တနင်္သာရီတိုင်းကို နိုင်ငံတော်၏ဆီအိုးကြီးအဖြစ် ကြိုးပမ်းဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတွင် လိုအပ်မည့် စိုက်ပျိုးမြေရရှိရေးနှင့် အခြားလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အဖွဲ့ဝင်များ၊ ဆီအုန်းစိုက်ပျိုးရန် စိတ်ဝင်စားလျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့်အတူ မတ် ၁၅ ရက်က တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်၊ မြိတ်မြို့နယ်နှင့် တနင်္သာရီမြို့နယ်များရှိ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးအားပေးသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် မတ် ၁၅ ရက်နေ့ နံနက်ပိုင်းက ကော့သောင်းမြို့နယ် ခမောက်ကြီးဒေသရှိ ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင်–

“ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းသည် စိုက်ပျိုးဆောင်ရွက်သူများအတွက်ရော၊ နိုင်ငံတော်အတွက်ပါ ရေရှည်အကျိုးကျေးဇူးရှိသည့် စီမံကိန်းဖြစ်ကြောင်း၊ လက်ရှိ စိုက်ပျိုးလျက်ရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ဆီအုန်းခြံများဖြစ်ထွန်းမှုအခြေအနေနှင့် အလားအလာများကို အခြားစီးပွားရေးလုပ်ငန်းရှင်များလည်း မျက်မြင်လေ့လာသိရှိပြီး တွက်ချက်ချိန်ဆ၍ ဆီအုန်းစိုက်ပျိုးမှုလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်စေရန် ယခုကဲ့သို့ လုပ်ငန်းရှင်များဖြင့် တနင်္သာရီတိုင်းသို့ စုစုစည်းစည်း လာရောက်ခဲ့ခြင်းဖြစ်ကြောင်း”

ရှင်းလင်းပြောကြားသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ခရီးစဉ်အတွင်း ကော့သောင်းမြို့နယ် ၁၈ မိုင်ရှိ ရွှေဆီအုန်းကုမ္ပဏီလီမိတက်၏ တစ်နာရီ ဆီသီးခိုင်ငါးတန်ကျ ဆီအုန်းစက်ရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့သည်။ ခမောက်ကြီးဒေသ၌ ၁၉၉၉ ခုနှစ်မှစ၍ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းကြီးတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် ယုဇနကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းရှိ ဆီအုန်းစိုက်ခင်းများ၊ အစို့ပေါက် ဆီအုန်းမျိုးစေ့များ၊ ပျိုးပင်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ဆီသီးခိုင်များကို ကြည့်ရှုအားပေးခဲ့သည်။

ဘုတ်ပြင်းမြို့နယ် မိုင် ၆၀ စခန်းရှိ ပိုကောင်းကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ခင်းတွင် ဆီအုန်းဧက ၇၀၀၀ စိုက်ပျိုးရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။ ဆီကြိတ်စက်ရုံတည်ဆောက်ရန်လည်း လျာထားဆောင်ရွက်လျက်ရှိသည်။

မဟဲစခန်းရှိ တောင်ဒဂုံဆီအုန်းကုမ္ပဏီသည် ဆီအုန်းဧက ၄၅၀၀ ကျော်စိုက်ပျိုးထားရှိပြီး တစ်နာရီ ခုနစ်တန်ခွဲကျ ဆီကြိတ်စက်ရုံမှ ဆီကြိတ်များ ထုတ်လုပ်နိုင်လျက်ရှိသည်။

တနင်္သာရီမြို့နယ်တွင် ကမ္ဘောဇစိုက်ပျိုးရေး စက်မှုလုပ်ငန်းများလီမိတက်သည် ၁၉၉၉ ခုနှစ်မှစ၍ ဆီအုန်းများစိုက်ပျိုးလျက်ရှိပြီး ဆီကြိတ်စက်ရုံတည်ဆောက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ဆီအုန်းဧကနှစ်သောင်း တိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်သည်။ မြိတ်မြို့နယ်တွင် အေးရှားဝေါလ် အင်တီဂရိတ်တက်ဖမ်းစ်လီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် ဧက ၁၀၀၀၀ ကျော်စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ဧက ၃၃၀၀ စိုက်ပျိုးပြီးဖြစ်သည်။

တနင်္သာရီမြို့နယ်အတွင်း ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်နိုင်မြင့်ကုမ္ပဏီက ဧက ၂၃၀၀ ကျော် စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။

တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဆီအုန်းစိုက်ပျိုးရာတွင် ရင်းနှီးမြှုပ်နှံရသည့် ဘဏ္ဍာငွေကြေး၊ တွေ့ကြုံရသည့်အခက်အခဲ၊ ရေရှည်ရရှိနိုင်မည့် အကျိုးအမြတ်များကို သိရှိခွင့် ရရှိခဲ့ကြပြီး ဖြစ်သည်။ ဆီအုန်းစိုက်ပျိုးရန် စိတ်ဝင်စားသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့စိတ်အားထက်သန်မှု၊ ဆောင်ရွက်နိုင်မှုများအပေါ်မူတည်၍ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သွားနိုင်ရန် နိုင်ငံတော်က အားပေးကူညီလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ဆီအုန်းဧက ငါးသိန်း တိုးချဲ့စိုက်ပျိုးပြီး တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အလျောက် စိုက်ပျိုးသူများနှင့် နိုင်ငံတော်အတွက်ပါ ရေရှည်အကျိုးကျေးဇူးရှိသည့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို တိုင်းရင်းသားလုပ်ငန်းရှင်များက နိုင်ငံတော်နှင့်လက်တွဲ၍ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မတ် ၁၈ ရက်က ဒေါပုံမြို့နယ် ဝါဆိုရပ်ကွက်ရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား စိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဝါဆိုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးက နိုင်ငံသားအရည်အချင်းပြည့်မီသူ တစ်ဦးအား ကတ်ပြားပေးအပ်စဉ်။ (က-ပ)

မိုးကုတ်ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် ဝဏ္ဏသိင်္ဂီလမ်းရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ ၂၇၆ (ဆပ်သွားဖူးကျောင်းတိုက်)တွင် ၁၃၆၅ ခု တန်ခူးလပြည့်ကျော် ၇ ရက်မှ ၁၃ ရက်(၂၀၀၄ ခုနှစ် ဧပြီ ၁၁ ရက်မှ ၁၇ ရက်)အထိ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဓာန နာယကဆရာတော် ဦးပုညက ခန္ဓာဥာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည် ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ဧပြီ ၁၀ ရက် နောက်ဆုံးထား၍ ဖုန်း-၅၅၉၆၀၄ သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ သင်တန်းဆင်းပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် မတ် ၂၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကျိုင်းတုံမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၇)နှင့် အခြေခံအိမ်တွင်းမှုသက်မွေးပညာသင်တန်း အမှတ်စဉ်(၃၅)ဆင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက သင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက် အမှာစကားပြောကြားသည်။ သင်တန်းသို့ အခြေခံသင်တန်းသူ ၂၀ နှင့် အဆင့်မြင့်သင်တန်းသူ ကိုးဦးတို့ သင်တန်း တက်ရောက်အောင်မြင်ကြသည်။

ရေးမြို့

ထို့အတူ ရေးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၇)နှင့် အခြေခံအိမ်တွင်းမှု သက်မွေးပညာသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက သင်တန်းခန်းမ၌ ကျင်းပရာ သင်တန်းဆင်းပွဲသို့ ရေးတပ်နယ်မှ ဗိုလ်မှူးချုပ်ရဲဝင်း၊ စစ်ဘက် နယ်ဘက် ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခြေခံသင်တန်းသူ ၄၂ ဦးနှင့် အဆင့်မြင့် သင်တန်းသူ နှစ်ဦးတို့ သင်တန်း တက်ရောက်အောင်မြင်ကြသည်။

မြဝတီမြို့

အလားတူ မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၇)နှင့် အခြေခံအိမ်တွင်းမှု သက်မွေးပညာ သင်တန်းအမှတ်စဉ်(၂၀) ဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက သင်တန်းခန်းမ၌ ကျင်းပရာ သင်တန်းဆင်းပွဲသို့ မြဝတီတပ်နယ်မှ ဗိုလ်မှူးချုပ်မောင်မြင့်၊ စစ်ဘက် နယ်ဘက် ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခြေခံသင်တန်းသူ ၂၈ ဦးနှင့် အဆင့်မြင့် သင်တန်းသူ ကိုးဦးတို့ သင်တန်းတက်ရောက်အောင်မြင်ကြသည်။

ထို့အတူ တာချီလိတ်၊ ဘားအံ၊ မောင်တောနှင့် ဟားခါး အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၏ အဆင့်မြင့် စက်ချုပ်သင်တန်းနှင့် အခြေခံအိမ်တွင်းမှု သက်မွေးပညာ သင်တန်းဆင်းပွဲများကို သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီး၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၁၅ ရက်က ရန်ကုန်မြို့ အမှတ် ၁၈/၁၇ နံ့သာဖြူလမ်း အောက်ပုဇွန်တောင်နေ ကျောင်းအမ ဒေါ်မြင့်မို သားသမီး မြေးတစ်စုတို့က ဘုရားဖြူကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီး တည်ဆောက်ရန်အတွက် တစ်ခန်း ကုန်ကျငွေ ကျပ်ခြောက်သိန်းကို ဆရာတော် ဘဒ္ဒန္တ နရိန္ဒာဘိဝံသ အဂ္ဂမဟာပဏ္ဍိတထံ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

✡ **ရှေ့ဖုံးမှ**

ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ်၁၉ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာကြရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့သို့ နံနက်၁၀နာရီတွင် ရောက်ရှိကြသည်။

ဒေသခံများကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်လိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်များဖြင့် မူဆယ်မြို့သို့ရောက်ရှိကြရာ မူဆယ်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

တက်ရောက်ချီးမြှင့်

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ပြည်ထောင်စု အဆင့်မြင့် အားကစားကွင်းသစ်ကြီးဖွင့်ပွဲကို နံနက်၁၁နာရီခွဲတွင် မူဆယ်မြို့ရှိ အဆိုပါ ပြည်ထောင်စုအဆင့်မြင့် အားကစားကွင်းသစ်ကြီး၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသားကျောင်းသူများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အားကစားသမားများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

အားကစားကွင်းသစ်ဖွင့်

အစီအစဉ်အရ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မူဆယ်မြို့ စိုစိုပြေပြေကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုင်းထွန်းအေးတို့က ဖဲကြိုးဖြတ်၍ မူဆယ်မြို့ ပြည်ထောင်စုအဆင့်မြင့် အားကစားကွင်းသစ်ကြီးကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပြည်ထောင်စုအဆင့်မြင့် အားကစားကွင်းသစ်ကြီး ဖွင့်ပွဲအထိမ်းအမှတ် တော်ဝင်အုန်းပင်ကို အားကစားကွင်းအဝင်၌ စိုက်ပျိုးပေးကြသည်။

နံ့သာရည်ပက်ဖျန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ပြည်ထောင်စု အဆင့်မြင့် အားကစားကွင်းသစ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်ပေးပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး ဖွင့်ပွဲအစီအစဉ် ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မူဆယ်မြို့ ပြည်ထောင်စု အဆင့်မြင့်အားကစားကွင်းသစ်ကြီး ဖွင့်ပွဲအစီအစဉ်ဒုတိယပိုင်းကို အဆိုပါ အားကစားကွင်းသစ်ကြီးအတွင်း၌ ဆက်လက်ကျင်းပသည်။

နိုင်ငံတော်အတွက်ဂုဏ်ယူ

အစီအစဉ်အရ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်လေးရပ်အနက် တစ်ချက်အပါအဝင်ဖြစ်သော **'တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး'** ဟူသော ဦးတည်ချက်နှင့်ညီညွတ်စွာ မိမိတို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်စပ်မြို့ဖြစ်သည့် မူဆယ်မြို့တွင် ယခုကဲ့သို့ အဆင့်မြင့် ခေတ်မီအားကစားကွင်းသစ်ကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းသည် ဒေသနေပြည်သူများအတွက်သာမက နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ရာ ခံစားမိကြောင်း တင်စားပြောကြားလိုကြောင်း။

အကျိုးဖြစ်ထွန်းစေနိုင်

ယခုအားကစားကွင်းသစ်ကြီးမှာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မူဆယ်မြို့၏ အရှိန်အဟုန်ဖြင့် တိုးတက်လာနေမှု အနေအထားများနှင့်ကိုက်ညီမည့် အားကစားကွင်းသစ်တစ်ခုကို တည်ဆောက်အကောင်အထည်ဖော်ရန် လမ်းညွှန်တာဝန်ပေးချက်အရ အကောင်အထည်ဖော် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဖွင့်လှစ်နိုင်ခဲ့သည့် အားကစားကွင်းကြီးမှာ မီတာ၄၀၀ ပြေးလမ်းအပါအဝင် စံချိန်မီဘောလုံးကွင်းတစ်ကွင်း၊ ထိုင်ခုံ ၆၄၀၀ပါ အထူးတန်းပွဲကြည့်စင်တစ်ခု၊ ပွဲကြည့်ပရိသတ်အင်အား ၁၅၀၀၀ဆံ့ ရိုးရိုးတန်းပွဲကြည့်စင်တစ်ခု၊ သံလုံးပစ်၊ သံပြားပစ်၊ လှံတံပစ်၊ အလျားခုန်၊ အမြင့်ခုန်၊ တုတ်ထောက်ခုန်၊ သုံးဆင့်ခုန်စသည့် ပြေး၊ ခုန်၊ ပစ် အားကစားကွင်းများနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနရုံးတစ်ရုံး၊ ဝန်ထမ်းအိမ်ရာသုံးလုံးတို့ပါဝင်ပြီး စုစုပေါင်း ကျပ်သိန်းပေါင်း၆၀၀၀ကျော် တန်ဖိုးကုန်ကျခံ တည်ဆောက်ထားရှိခြင်းဖြစ်ကြောင်း။

နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားတိုးတက်လာစေရေးအတွက် အားကစားဝန်ကြီးဌာနနှင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအနေဖြင့် အမျိုးသားအားကစားတာဝန်ကို အထူးကြိုးပမ်း ထမ်းဆောင်နေကြသည့်ကာလနှင့်တိုက်ဆိုင်စွာ ယခုကဲ့သို့ အဆင့်မြင့် ခေတ်မီအားကစားကွင်းသစ်တစ်ခု တည်ဆောက်အကောင်အထည်ဖော်နိုင်ခြင်းသည် ပြည်နယ်နှင့် နိုင်ငံတော်အတွက် အားကစားမြှင့်တင်ရေးလုပ်ငန်းများအပေါ် ထိရောက်သော အကျိုးဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်း ယုံကြည်မိပါကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် ထူးချွန်သော အားကစားမောင်မယ် ၁၅ဦးတို့ကို လက်ရှိနိုင်ငံ့ကိုယ်စားပြု အားကစားသူရဲကောင်းများအဖြစ် မွေးထုတ်ပေးနိုင်လျက် နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံ့ကိုယ်စားပြု အသီးသီး ပါဝင်ယှဉ်ပြိုင်နေကြလျက် ရှိနေကြကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားကြယ်ပွင့်များ ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံတော်နှင့် အားကစားဝန်ကြီးဌာနက ချမှတ်ပေးသော စီမံချက်များနှင့်အညီ စဉ်ဆက်မပြတ် အဆင့်မြင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ မျိုးဆက်သစ်အားကစားမောင်မယ်များ ပြုစုပျိုးထောင်ခြင်းတို့အားဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဦးစားပေး

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အားကစား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံသစ်ကြီးအဖြစ် အမြန်ရောက်ရှိစေရေးအတွက် အရှိန်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၉ ရက်က ကွတ်ခိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို ကျောင်းအုပ်ကြီးအားပေးအပ်စဉ်။ (သတင်းစဉ်)

အဟုန်ပြင်းစွာဖြင့် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိနေသည့် အချိန်အခါတွင် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကိုလည်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများနည်းတူ ဦးစားပေး ဆောင်ရွက်နေတာ အားလုံးအသိပင်ဖြစ်ကြောင်း။

မျက်မှောက်ခေတ် နိုင်ငံတကာအားကစားလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် အားကစားလှုပ်ရှားမှုများကို ယခင်အချိန်ကာလ၊ အခြေအနေမျိုးလို သာမန်လုပ်ငန်းအဖြစ် ပေါ့ပေါ့တန်တန် သဘောမထားကြတော့ဘဲ နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းများအဖြစ် သတ်မှတ်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ နိုင်ငံတကာအလယ်မှာ နိုင်ငံတော် အလံ တလူလူလွှင့်ထူနိုင်ရေး၊ နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ် မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်၏ အားကစားမြင့်မားရေးလုပ်ငန်းများမှာ အထိရောက်ဆုံးနှင့် အကျိုးသက်ရောက်မှုအရှိဆုံး လုပ်ငန်းများပင်ဖြစ်ကြောင်း။

ယခုအခါမှာ နိုင်ငံတော်၏ အားကစားမြှင့်တင်ရေးလုပ်ငန်းများ ထိထိရောက်ရောက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားနိုင်အောင် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင်ဦးစီးပြီး မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီတို့ကို နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းကာ အနီးကပ် လမ်းညွှန်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အဆင့်မြှင့်တင်

အမျိုးသားအားကစားနည်းလို့ သတ်မှတ်ရမည့် ဘောလုံးအားကစားနည်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ လူငယ်ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို နိုင်ငံအနှံ့ အကောင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၉ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ပြည်ထောင်စုအဆင့်မြင့် အားကစားကွင်းသစ်ကြီးဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုအဆင့်မြင့် အားကစားကွင်းသစ်ကြီးဖွင့်ပွဲ အထိမ်းအမှတ် တော်ဝင်အုန်းပင်ကို အားကစားကွင်းအဝင်၌ စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အထည်ဖော် ဆောင်ရွက်လျက်ရှိသလို၊ စဉ်ဆက်မပြတ် ဘောလုံးပြိုင်ပွဲများကိုလည်း တိုင်းနှင့်ပြည်နယ်အသီးသီးမှာ နှစ်လုံးပေါက် ကျင်းပပေးလျက်ရှိကြောင်း၊ ထို့ပြင် ဘောလုံးအားကစားနည်း အရှိန်အဟုန်ဖြင့် တိုးတက်လာရန် ဘောလုံးကွင်းသစ်များ ဖောက်လုပ်ခြင်း၊ ဘောလုံးကွင်းဟောင်းများကို အဆင့်မြှင့်တင် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

ယခုလိုဆောင်ရွက်ရာတွင် ဘောလုံးအားကစားနည်းတင်မကဘဲ တခြားအားကစားနည်းအမျိုးမျိုးမှာပါ တိုးတက်အောင်မြင်မှုများ ရရှိစေရန်အတွက်လည်း အားကစားရုံများ၊ မီတာ(၄၀၀)ပြေးလမ်းပါ အားကစားကွင်းများကို မြို့နယ်၊ ခရိုင်၊ တိုင်းများမှာ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံ့ဂုဏ်မြှင့်တင်

ယခုအချိန်မှာ နိုင်ငံတော်အကြီးအကဲများ၏ အားပေးလမ်းညွှန်မှု၊ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်အားပေးမှု၊ မျိုးချစ်စိတ်ဓာတ်ပြင်းပြသည့် စေတနာရှင်၊ လုပ်ငန်းရှင်များ၏ ထောက်ပံ့ဖြည့်ဆည်းပေးမှုများသည် ဘယ်ခေတ်ဘယ်ကာလနှင့်မှမတူအောင် မြင့်မားနေသည်မို့ အားကစားသမားများကလည်း အားကစားစိတ်ဓာတ် မြင့်မားတက်ကြွစွာ အားကြိုးမာန်တက် ကြိုးစားအားထုတ်လေ့ကျင့်ပြီး နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် မူဆယ်အားကစားကွင်းသစ်ကြီးသည် နိုင်ငံတကာအဆင့်မီ ပြိုင်ကွင်းကြီးဖြစ်သည်နှင့်အညီ အားကစားသမားကောင်းများ မြောက်မြားစွာ မွေးထုတ်ပေးနိုင်တော့မှာဖြစ်သလို မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်မှာ တည်ရှိသဖြင့် အားကစားဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကို တိုးတက်တည်ဆောက်နိုင်မှာဖြစ်သည်ဟု ယုံကြည်မိကြောင်း။

ဝိုင်းဝန်းထိန်းသိမ်း

ယခုလို အားကစားတိုးတက်ရေး၊ နှစ်နိုင်ငံချစ်ကြည်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည့် ဘောလုံးအားကစားကွင်းသစ်ကြီး ရေရှည်တည်တံ့ အသုံးပြုနိုင်ရန်အတွက် ဒေသခံပြည်သူများ၊ အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ဒေသဆိုင်ရာ အားကစားနှင့်ကာယပညာကော်မတီဝင်များနှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြပါဟု မေတ္တာရပ်ခံ တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ကြီးမှာ ယခုလို အဆင့်မြင့်အားကစားကွင်းသစ်ကြီးတစ်ခု တိုးပွားဖြစ်ထွန်းလာခြင်းသည် ဒေသခံပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက်သော်လည်းကောင်း၊ မူဆယ်မြို့၏ မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုအတွက်သော်လည်းကောင်း၊ ထိထိရောက်ရောက် ဖြည့်ဆည်းဖော်ဆောင်ပေးနိုင်မည့် တိုးတက်ဖြစ်ထွန်းမှုတစ်ခုဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ခေတ်မီအားကစားကွင်းတစ်ခု၏ အင်္ဂါရပ်များနှင့်ညီညွတ်ပြည့်စုံသည့် အဆင့်မြင့်အားကစားကွင်းသစ်တစ်ခု ယခုလိုပေါ်ထွန်းလာခြင်းသည် နိုင်ငံတော်အစိုးရက အလေးအနက်ထား အားပေးမြှင့်တင်ဆောင်ရွက်နေသည့် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးအတွက်လည်း များစွာအထောက်အကူဖြစ်စေမှာ အမှန်ပင်ဖြစ်ကြောင်း။ *စာမျက်နှာ ၄ ကော်လံ ၁*

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၉ ရက်က ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ ကွတ်ခိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စုကြီးဖြစ်သည့်အားလျော်စွာ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများအားလုံး ဆူကြိုနိမ့်မြင့် ကွာဟချက်ကျဉ်းမြောင်းပပျောက်ပြီး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုးတက်ဖြစ်ထွန်းလာသည့်ဒေသဖွံ့ဖြိုးမှု အခြေခံကောင်းများကို ဤနယ်မြေအစိတ်အပိုင်းဒေသများတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံးက စိတ်အေးချမ်းမြေ့စွာ ရရှိခံစားနိုင်စေရန် အထူးအာရုံစူးစိုက်ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် တစ်ချိန်သောကာလက နယ်မြေဒေသလုံခြုံအေးချမ်းမှု ကင်းမဲ့ခဲ့လို့ ဒေသဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် နယ်စပ်ဒေသများတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြန်လည်ဖြစ်ထွန်းခိုင်မြဲစေရအောင်ကြိုးပမ်းဆောင်ရွက်ရင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ရရှိဖြစ်ထွန်းလာသည်နှင့်

ထို့ပြင် နှစ်နိုင်ငံရရှိဖြစ်ထွန်းနေသည့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲစေရအောင်၊ နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးပွားဖြစ်ထွန်းစေရအောင်၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးမှာ တစ်ဖက်စောင်းနင်းမဖြစ်စေဘဲ နှစ်ဦးနှစ်ဖက်အကျိုးရှိ မျှတစွာတိုးတက်ဖြစ်ထွန်းစေရအောင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်တကွ ဒေသခံပြည်သူများအားလုံးက စည်းကမ်းတကျ ထိန်းသိမ်းဆောင်ရွက်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း။

ထို့အတူ မူဆယ်ခရိုင်၏ အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေး၊ နိုင်ငံတကာအဆင့်မီ ထူးချွန်ထက်မြက်သော အားကစားသမားများပေါ်ထွန်းရေးတို့အတွက်လည်း ကြိုးစားအားထုတ်ကြဖို့ မှာကြားလိုကြောင်း။

စဉ်ဆက်မပြတ်ပေါ်ထွန်း

လက်ရှိအခြေအနေတွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားမောင်မယ်များ အမြောက်အမြားမွေးထုတ်နိုင်ခဲ့ပြီးဖြစ်သည်နှင့်အညီ ယခုခေတ်မီအားကစားကွင်းသစ်ကြီး ပေါ်ထွန်းလာသည့်

(မြောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်ချုပ်မြင့်လှိုင်က ပြည်ထောင်စု အဆင့်မြင့် အားကစားကွင်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံနှင့် လက်ဆောင်များကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျောင်းသူကလေးများ၏ စာတန်းသရုပ်ဖော်မှု၊ ကဗျာလွတ်အကနှင့် တိုင်းရင်းသူများ၏ ရိုးရာအကများကို ကြည့်ရှုအားပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အထူးတန်းပွဲကြည့်စင် အဆောက်အအုံကို ကြည့်ရှုကြသည်။

သံလွင်တံတား(တာပါး)ပြီးစီးက သံလွင်မြစ်အရှေ့ခြမ်းနှင့် အနောက်ခြမ်းဆက်သွယ်မှုတိုးတက်လာမည် ဒေသအချင်းချင်း ဆက်သွယ်သည့်လမ်းများပေါ်ထွန်းသည်နှင့်အမျှ ချစ်ကြည်ရင်းနှီးမှုတိုးပွားခိုင်မြဲလာမည်

အမျှဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးအခြေခံကောင်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်တည်ဆောက်ပေးလျက်ရှိကြောင်း။

မူဆယ်မြို့မှာ နယ်စပ်ဒေသမြို့ဖြစ်သည်အပြင် မိမိတို့နိုင်ငံတော်အစိုးရခေတ်ကာလမှာပြောင်းလဲကျင့်သုံးလာခဲ့သည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများပါဖြစ်ထွန်းနေသည့်မြို့တစ်မြို့ဖြစ်သည့်အတွက် နိုင်ငံတော်အတွက် စီးပွားရေးအရရော လူမှုရေးအရပါအရေးပါသည့် နေရာဒေသတစ်ခုဖြစ်ကြောင်း။

တစ်ရှိန်ထိုးပြောင်းလဲ

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် မူဆယ်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ စီမံချမှတ်အားပေးဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတိုးပွားခိုင်မြဲမှု၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု၊ လမ်းပန်းဆက်သွယ်ရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးအခြေခံများ တိုးတက်ကောင်းမွန်လာမှုတို့နှင့်အတူ စီးပွားကုန်သွယ်မှုလုပ်ငန်းများပါ တိုးတက်ဖြစ်ထွန်းလာမှုတို့ပေါင်းစည်းပြီး မူဆယ်မြို့ကြီးသည် တိုတောင်းသောကာလအတွင်း တစ်ရှိန်ထိုးတိုးတက်ပြောင်းလဲလာခဲ့ပြီးလည်း ဖြစ်ကြောင်း။

ယခုဆိုရင် မူဆယ်မြို့ကြီးသည် ခေတ်မီအဆင့်မြင့်တိုက်တာအဆောက်အအုံတွေ၊ ဟိုတယ်ကြီးတွေ၊ နိုင်ငံတကာအဆင့်မီ ကုန်တိုက်ကြီးတွေစသည့် ခေတ်မီမြို့ပြဖွံ့ဖြိုးတိုးတက်မှု၏ အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံသောမြို့ကြီးတစ်မြို့ဖြစ်လာနေပြီဖြစ်ကြောင်း။

ယခုလို အခြေအနေအချိန်အခါမှာ မူလအားကစားကွင်းဟောင်းမှာ မြို့အလယ်ကျဉ်းမြောင်းသောနေရာဒေသမှာ ကျရောက်နေသည့်အတွက် ပို၍ပြင်တိုးချဲ့ရန် အခက်အခဲဖြစ်နေတာကြောင့် ၎င်းနေရာမှာမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းတစ်ရပ်ဆောင်ရွက်ပြီး ယခုရွှေပြည်သာမြို့သစ်မှာ အဆင့်မြင့် ပွဲကြည့်စင်များနှင့်တကွ မီတာ (၄၀၀)ကျော်ပြေးလမ်းပါဝင်သည့် စံချိန်မီ ခေတ်မီဘောလုံးကွင်းတည်ဆောက်နိုင်စေရန် ၂၀၀၃ခုနှစ် မတ်လအတွင်း မိမိမူဆယ်မြို့ကို ရောက်ရှိစဉ်မှာ တာဝန်ရှိပုဂ္ဂိုလ်များက တင်ပြခဲ့သည့်အတွက် ခွင့်ပြုခဲ့ခြင်းပဲဖြစ်ကြောင်း။

ယခုလို ခေတ်မီအားကစားကွင်းသစ်ကြီးပေါ်ထွန်းလာပြီဖြစ်သည့်အတွက် အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည့် မူဆယ်မြို့ကြီးအတွက် ဂုဏ်ယူဖွယ်ရာ ဂုဏ်အင်္ဂါရပ်တစ်ခု တိုးပွားလာခြင်းလည်းဖြစ်ကြောင်း။

လူမျိုးဂုဏ်သိက္ခာထိန်း

မူဆယ်မြို့သည် အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်မြို့တစ်မြို့ဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်လျောညီထွေစွာ ဖွံ့ဖြိုးတိုးတက်ပါမှ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းမြှင့်တင်နိုင်မှာဖြစ်ကြောင်း။

အလားတူပင် နယ်စပ်မြို့တစ်မြို့ဖြစ်သည့်အားလျော်စွာ မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများ မယိုမယွင်း မပျောက်ပျက်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် လွန်စွာမှအရေးကြီးလှကြောင်း။

အခြေအနေအချိန်အခါကောင်းတွင် နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်ထက်မြက်သည့် အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ဆက်လက်ပေါ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ထားပြီးလည်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် 'မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်' ဆိုသည့် မွန်မြတ်မြင့်မားသည့် ဦးတည်ချက်ကို ချမှတ်ထားပြီးဖြစ်သည်နှင့်အညီ ဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များကလည်း မိမိတို့ ဒေသအတွင်း နိုင်ငံ့ဂုဏ်ဆောင် ထူးချွန်ထက်မြက်သည့် အားကစားသမားမောင်မယ်များ ပေါ်ထွန်းလာရေးအတွက် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် မှာကြားလိုကြောင်း။

တက်ညီလက်ညီကြိုးပမ်း

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးနေပြီဖြစ်သည့် မူဆယ်မြို့ကြီး ပိုမိုပြီးဖွံ့ဖြိုးတိုးတက်သည်ထက်ဖွံ့ဖြိုးတိုးတက်စေရအောင်၊ ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတိုးတက်ခိုင်မြဲစေရအောင်နှင့် ဒေသခံပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားသည်ထက် တိုးတက်မြင့်မားစေရအောင် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

တစ်ဆက်တည်းမှာပင် ယနေ့ဖွင့်လှစ်ပေးလိုက်သော အားကစားကွင်းသစ်က မွေးထုတ်ပေးလိုက်သည့် အားကစားသမားမောင်မယ်များဟာ တစ်ချိန်သောကာလမှာ နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်သော အားကစားသမားများအဖြစ် အောင်မြင်မှုများရရှိကြပါစေဟု ဆန္ဒပြုပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ စိုစိုပြေပြေ ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌဦးစိုင်းထွန်းအေးမိသားစုက ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ငွေကျပ်သိန်း ၁၀၀ နှင့် မြန်မာ့အားကစားအဆင့်အတန်းမြင့်မားရေးအတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်တို့အား စိုစိုပြေပြေ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုင်းထွန်းအေးမိသားစုက ရှမ်းပြည်နယ်(မြောက်ပိုင်း) ပညာရေး ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် စိုစိုပြေပြေ ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုင်းထွန်းအေးက အားကစားကွင်း တည်ဆောက်မှုနှင့် ပတ်သက်သော စာရွက်စာတမ်းများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်အား လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဝန်ကြီးများအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မူဆယ်မြို့ ပြည်ထောင်စု အဆင့်မြင့်အားကစားကွင်းသစ်ကြီးအနီး မြေဧက ၂၀ ပေါ်၌ မူဆယ်ခရိုင် ပြည်သူ့ဆေးရုံတည်ဆောက်နိုင်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆောင်ရွက်ဖွယ်ရာများမှာကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မူဆယ်မြို့ လက်ရှိပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တာဝန်ရှိသူများနှင့်တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မူဆယ်မြို့ ရွှေလီရတနာခန်းမ၌ မူဆယ်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ခရိုင်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်အကောင်အထည်ဖော်မှု၊ ခရိုင်အတွင်း မိုးစပါး၊ နွေစပါးစိုက်ပျိုးမှု၊ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်မှု၊ ဒေသဝမ်းစာဖူလုံမှု၊ စက်မှုလယ်ယာကူးပြောင်းရေးဆောင်ရွက်နေမှု၊ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နယ်စပ်ကုန်သွယ်မှု ဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိန်ငွေးက နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ အခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၁) နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်မှ တပ်ခွဲမှူး ဗိုလ်မှူးကြည်ဇင်က နယ်စပ်ဒေသ၌ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မူဆယ်မြို့သည် အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသမြို့ဖြစ်သည်နှင့်အညီ မူဆယ်မြို့၌ တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် နှစ်နိုင်ငံဆက်သွယ်ဆက်ဆံရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အဆင်ပြေချောမွေ့စေရန် အလေးထားဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁

အီရတ်စစ်ပွဲစချိန်မှစပြီး အီရတ်တို့ ခုခံတိုက်ခိုက်ခဲ့ နိုင်ငံအနှံ့ ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေ

ဘဂ္ဂဒက် မတ် ၁၈

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ် မတ်လ ၂၀ရက်၌ စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန်မှစပြီး အသေခံဗုံးခွဲတိုက်ခိုက်မှုများ အီရတ်နိုင်ငံအနှံ့အပြား၌ ဖြစ်ပွားခဲ့သည်။

ကာဘာလာနှင့် ဘဂ္ဂဒက်မြို့များတွင် အသေခံဗုံးခွဲသူ လေးဦးထက်မနည်းက မတ်လ ၂ရက်၌ ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အီရတ်အုပ်ချုပ်ရေးကောင်စီက လူ၂၇၁ဦး သေဆုံးကြောင်းကြေညာခဲ့ပြီး အမေရိကန်တို့က စုစုပေါင်းသေသူ ၁၈၁ဦးရှိသည်ဟု ပြောဆိုသည်။

ဘဂ္ဂဒက်မြို့လယ်ရှိ တပ်ဖွဲ့ဝင်သစ် စုဆောင်းရေးဌာနအပြင်ဘက်တွင် အသေခံတိုက်ခိုက်သူတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများအပြည့်တင်ထားသော ကားတစ်စီးကို ဖောက်ခွဲတိုက်ခိုက်သဖြင့် လူ ၄၇ဦး သေဆုံးခဲ့ရသည်။

ထို့ပြင် ဘဂ္ဂဒက်တောင်ဘက် အစ္စကန်ဒါရီယာရှိ ရဲစခန်းအပြင်ဘက် ၌ ဖေဖော်ဝါရီလ ၁၀ရက်က အသေခံပြီး ကားဗုံးဖောက်ခွဲသဖြင့် လူ ၅၃ဦး၊ အာဘီလ်ရှိ ကာ့ဒ်ပါတီရုံးနှစ်ခုကို ဖေဖော်ဝါရီလ ၁ရက်က အသေခံဗုံးခွဲသဖြင့် လူ ၁၀၉ဦး၊ ဘဂ္ဂဒက်ရှိ အမေရိကန်နှင့်အပေါင်းပါဌာနချုပ်၏ ဂိတ်ဝအနီး၌ ဇန်နဝါရီလ ၁၈ရက်က အသေခံဗုံးခွဲသဖြင့် လူ ၃၁ဦး သေဆုံးခဲ့ကြရသည်။

လွန်ခဲ့သည့်နှစ် မတ်လ ၂၉ရက်မှ နိုဝင်ဘာလ ၁၂ရက်အတွင်း ဖြစ်ပွားခဲ့သော အသေခံကားဗုံး ဖောက်ခွဲတိုက်ခိုက်မှုများတွင် အမေရိကန်တပ်ဖွဲ့ဝင်လေးဦးနှင့် ကလေးနှစ်ဦးအပါအဝင် လူ၁၁၅ဦးကျော် သေဆုံးခဲ့ရသည်။ **(အင်တာနက်)**



မတ် ၁၉ ရက်က အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တွင် အမေရိကန်သမ္မတဘုရှ်နှင့် အီရတ်စစ်ပွဲဆင်နွှဲမှုကို ဆန့်ကျင် ဆန္ဒပြနေသူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မိုဆူးလ်၌ လမ်းဘေးဗုံးပေါက်ကွဲ အီရတ်အရပ်သား သုံးဦးသေဆုံး

မိုဆူးလ် မတ် ၁၈

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးလ်မြို့တွင် အီရတ်လုံခြုံရေးတပ်ဖွဲ့ယာဉ်တန်းအနီး၌ မတ် ၁၇ ရက်က လမ်းဘေး ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူသုံးဦးသေကျေဒဏ်ရာရခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အီရတ်မြို့ပြ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ (အိုင်စီဒီစီ)သည် အီရတ်အနောက်ဘက် စက်မှုဒေသရှိဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နေရာကို ပိတ်ဆို့ထားလိုက်ပြီး မသင်္ကာသူသုံးဦးကို ဖမ်းဆီးထိန်းသိမ်းလိုက်သည်။

တနင်္လာနေ့၌ မိုဆူးလ်မြို့တွင် အမေရိကန်အရပ်သားများ စီးလာသော ကားကို ခုခံတိုက်ခိုက်ရေးသမားများက ပစ်ခတ်သဖြင့် နေရာ၌ သုံးဦးသေဆုံးပြီး စတုတ္ထမြောက်လူမှာ ဆေးရုံ၌ သေဆုံးခဲ့သည်။ အင်္ဂါနေ့နေ့လယ်ပိုင်း၌လည်း အီရတ်ရဲအရာရှိသုံးဦးသည် ၎င်းတို့၏ ကားအတွင်း၌ အသတ်ခံခဲ့ကြရသည်။

မကြာမီရက်များကလည်း မိုဆူးလ်ရှိ အမေရိကန်စစ်တပ်၌ စကားပြန်လုပ်သော အီရတ်တစ်ဦး၏ ညီမကို တိုက်ခိုက်ရေးသမားများက သတ်ဖြတ်ခဲ့ကြသည်။ သူမ၏အစ်ကိုမှာ ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်ကိုကန်တို့ကျူးကျော်မှု ကမ္ဘာလုံးဆိုင်ရာ ဆန့်ကျင်ဆန္ဒပြပွဲ

စစ်ဆန့်ကျင်ရေး ညီလာခံအဖွဲ့က ကျင်းပမည်

ရီယိုဒီဂျနေရိုး မတ် ၁၉

နိုင်ငံ ၁၀၀မှ ကမ္ဘာလုံးဆိုင်ရာ စစ်ဆန့်ကျင်ရေးအုပ်စုများဖြင့် ဖွဲ့စည်းထားသော စစ်ဆန့်ကျင်ရေးညီလာခံအဖွဲ့က အီရတ်အား အမေရိကန်တို့ ကျူးကျော်မှုကို ကမ္ဘာလုံးဆိုင်ရာ ဆန့်ကျင်ဆန္ဒပြပွဲတစ်ရပ် စနေနေ့၌ ကျင်းပမည်ဖြစ်ကြောင်း ကြာသပတေးနေ့က ထပ်မံပြောကြားလိုက်သည်။

အမေရိကန်ဦးဆောင်၍ အီရတ်ကို ကျူးကျော်တိုက်ခိုက်ခဲ့ပြီး တစ်နှစ်အကြာ၌ အဆိုပါညီလာခံအဖွဲ့ဝင်များက ယင်းစည်းရုံးလှုပ်ရှားမှုများနှင့် ဆန့်ကျင်ဆန္ဒပြမှုများကို ရာပေါင်းများစွာသော ကွန်ယက်များ၊ အပေါင်းပါများ၊ ဖိုရမ်များနှင့် ကမ္ဘာ့လူမှုရေး ဖိုရမ်အပါအဝင် ကမ္ဘာတစ်ဝန်း လူမှုရေးလှုပ်ရှား အဖွဲ့များက ထောက်ခံကြောင်း ပြောဆိုသည်။

မျှော်လင့်

စနေနေ့တွင် ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ ဆန္ဒပြပွဲသည် ၂၀၀၃ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်၌ ကမ္ဘာ့ပြည်သူ ၁၅သန်းခန့်က အီရတ်ကို အမေရိကန်ဦးဆောင်ပြီး ကျူးကျော်ခဲ့ခြင်းကို ကန့်ကွက်ဆန္ဒပြသည့် အရေအတွက်ထက် ပိုမိုအင်အား တောင့်တင်းမည်ဟု မျှော်လင့်ကြောင်း ညီလာခံကပြောကြားသည်။

စုစည်းကြမည်

ကမ္ဘာ့လူမှုရေး ဖိုရမ်၏အတွင်းရေးမှူးများ အဖွဲ့ရုံးရှိရာ ဘရာဇီးမြို့တော် ဆောပိုလိုနှင့် ကမ္ဘာလုံးဆိုင်ရာ ဆန့်ကျင်ရေးလှုပ်ရှားအဖွဲ့ရှိရာ ပိုတိုအလင်ဂ်ရီမြို့တို့ အပါအဝင် ဘရာဇီးနိုင်ငံ၏ မြို့ကြီးများတွင် ကမ္ဘာ့စစ်ဆန့်ကျင်ရေး လူထုအများဆုံးစုစည်းကြမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း

နိုင်ငံခြား သတင်းများ

အီရတ်စစ်ပွဲဆင်နွှဲရသည့် ဘလဲ၏ အကြောင်းပြချက် ရှုံးနိမ့်မှုများဖြင့် ရင်ဆိုင်ရ၍ ဂုဏ်သိက္ခာကျ

လန်ဒန် မတ် ၁၉

အီရတ်ကို အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်သည်ကို အထောက်ခံဆုံးဖြစ်သည့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် စစ်ပွဲဆင်နွှဲရခြင်း၏ အကြောင်းပြချက်နှင့်ပတ်သက်ပြီး ဆက်တိုက်ရှုံးနိမ့်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ဗြိတိန်နိုင်ငံရေးလောက၌ တိုနီဘလဲ၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းလာခဲ့ရသည်။

စစ်ပွဲစတင်ဖြစ် ပွားချိန်၌ ဗြိတိန်လူထုသုံးပုံတစ်ပုံက ဘလဲကို ထောက်ခံခဲ့သော်လည်း တစ်နှစ်ကြာလာချိန်တွင် အဖျက်စွမ်းအားကြီးလက်နက်များ အရိပ်အရောင် အီရတ်၌မတွေ့ရသည့်အတွက် ဗြိတိန်လူထုက တိုနီဘလဲအပေါ် ယုံကြည်ကိုးစားမှု လုံးဝကင်းမဲ့လာသည်။ ထို့အပြင် ဗြိတိန်လက်နက် ပါရဂူ ကယ်လီသတ်သေသွားသည့်အတွက် တိုနီဘလဲသည် လော့ဒ်ဟတ်တန် ဦးဆောင်သော စုံစမ်းရေးအဖွဲ့၏ လူသိထင်ရှား စစ်ဆေးမှုကိုခံရသည်။ အီရတ်စစ်ပွဲကြောင့် ဘလဲ၏နိုင်ငံရေးလမ်းစဉ်ပါ ထိခိုက်ပျက်စီးလာဖွယ်ရှိသည်။ ဗြိတိန်နိုင်ငံရေးလောက၌ ပြောင်ပြောင်တင်းတင်း ဆန့်ကျင်မှုများကြောင့် ဝန်ကြီးချုပ်ဘလဲ နုတ်ထွက်မှုနှင့်ရင်ဆိုင်နေရကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ကုလအဖွဲ့ အီရတ်သို့ ပြန်လာရေးသဘောတူ

ကုလသမဂ္ဂ မတ် ၁၈

အီရတ်၌ ကြားဖြတ်အစိုးရထူထောင်ရန်အတွက် အကြံဉာဏ်ပေးရန် ကုလသမဂ္ဂအဖွဲ့အား ဘဂ္ဂဒက်သို့ ဖိတ်ခေါ်ရန် အီရတ်ခေါင်းဆောင်များက သဘောတူထားကြကြောင်း ကုလသမဂ္ဂဆိုင်ရာ ဗြိတိန်သံအမတ်ကြီးက ဗုဒ္ဓဟူးနေ့၌ ပြောကြားလိုက်သည်။

အမေရိကန်ဦးဆောင်သော သိမ်းပိုက်မှုဇွန် ၃၀ ရက်၌ နိဂုံးချုပ်သည့်အခါ ကြားဖြတ်အစိုးရအတွက် အဆိုပြုချက်များကို ဆွေးနွေးရန်နှင့် ရွေးကောက်ပွဲများကျင်းပရေး ဖြစ်နိုင်စရာများကို လေ့လာရန် ကုလသမဂ္ဂအဆင့်မြင့်အရာရှိ လက်ခ်ဒါဘရာဟီမီ ဦးဆောင်သော ရွေးချယ်ရေးဆိုင်ရာ အဖွဲ့သည် လွန်ခဲ့သည့်လ၌ အီရတ်သို့ သွားရောက်ခဲ့သည်။

ကုလသမဂ္ဂကို ကြိုဆိုကြောင်း အတွင်းရေးမှူးချုပ် ကိုဖီအာနန်ထံ အီရတ်ခေါင်းဆောင်အယာတိုလာအလီ အယ်လ်စစ္စတာနီက စာပေးပို့ခဲ့သည်ဟု အင်္ဂါနေ့ကပြုလုပ်သော သတင်းစာရှင်းပွဲ၌ ဘရာဟီမီက ပြောကြားခဲ့သည်။

အတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် ဘရာဟီမီတို့သည် ဇွန် ၃၀ ရက်မတိုင်မီ ရွေးချယ်ပွဲများကျင်းပရန် မဖြစ်နိုင်ကြောင်း၊ ဆန္ဒမဲပေးရန်အတွက် တရားဝင်အခြေခံဖွဲ့စည်းမှုကို ဖော်ဆောင်ပြီးနောက် ပြင်ဆင်မှု ရှစ်လခန့် လိုအပ် ကြောင်း ဖော်ပြထားသည့် အစီရင်ခံစာတစ်စောင်ကို လွန်ခဲ့သည့်လ၌ ထုတ်ပြန်ခဲ့ကြသည်။

ယင်းအစီရင်ခံစာ၌ ကြားဖြတ် အစိုးရအတွက် ရွေးချယ်စရာ နည်းလမ်းအချို့ကို ဖော်ပြထားပြီး အကယ်၍ တောင်းဆိုလာလျှင် နောက်ထပ် အကြံဉာဏ်များ ကုလသမဂ္ဂက ပေးမည်ဟုလည်း အစီရင်ခံစာက ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

လုံခြုံရေးစောင့်ကြပ်

မတ် ၁၉ ရက်က ဘာဆာရာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာ၌ မြူနီစီပယ် အဆောက်အအုံကို ခုခံရေးသမားများက ပစ်ခတ်တိုက်ခိုက်

ဖော်လူဂျာ မတ် ၁၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ဖော်လူဂျာမြို့၌ အီရတ်ခုခံတိုက်ခိုက် ရေးသမားများက ဒုံးပစ်လောင်ချာများ၊ ဒုံးကျည်များဖြင့်ပစ်ခတ်တိုက်ခိုက်မှု ယမန်နေ့က ဖြစ်ပွားခဲ့သည်။ ဖော်လူဂျာမြို့တွင်းရှိ မြူနီစီပယ်အဆောက်အအုံကို ဒုံးပစ်လောင်ချာများ၊ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်တိုက်လေယာဉ်နှစ်စင်းက ယင်းနေရာ တစ်ဝိုက်၌ ပျံဝဲပြီး စောင့်ကြည့်နေခဲ့သည်။

အမေရိကန်တို့က ခုခံရေးသမားများရှိသည့်နေရာကို မှန်းဆပြီး ပြန်လည်ပစ်ခတ်ခဲ့ရာ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု သတင်းတစ်စုံတစ်ရာ မရရှိသေးကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ခဲ့သည့် အီရတ်နိုင်ငံ

အီရတ်တို့၏ခုခံတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးမှု

ယနေ့ကမ္ဘာကြီးတွင် စစ်အင်အားကြီးမားမှုကို အားကိုးအားထားပြုပြီး အခြားနိုင်ငံများအပေါ် လွှမ်းမိုးချုပ်ကိုင်လာသည့် အမေရိကန်နှင့် အပေါင်းပါတပ်များက အီရတ်နိုင်ငံကို ပြောင်ပြောင်တင်းတင်း ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့အင်အားအသုံးပြုတိုက်ခိုက်မှုကြောင့် ပြည်သူတို့အားကိုးအားထားရာ အီရတ်တပ်မတော် ပြိုကွဲခဲ့ရသဖြင့် ပြည်သူများ ခိုကိုးရာမဲ့ဖြစ်ခဲ့ကြရသည်။ တိုင်းတစ်ပါးတပ်များ၏ ကျူးကျော်နှိပ်စက်မှုကို မခံမရပ်နိုင်ဖြစ်ကြသော အီရတ်ပြည်သူတို့က နည်းလမ်းမျိုးစုံဖြင့် ခုခံတိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးမှု တစ်နေ့တခြား တိုးပွားလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၉ ရက်က ဆာမာရာမြို့ပြင်တွင် **အမေရိကန်စစ်ယာဉ်တစ်စီး ဗုံးပေါက်ကွဲ ထိမှန်ခံရပြီးနောက် သေဆုံးသွားသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို သယ်ဆောင်သွားစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၁၆ရက်က အီရတ်ပြောက်ကျားများ၏ လမ်းဘေးဗုံး ထိမှန်၍ ပျက်စီးသွားသော အမေရိကန်စစ်ယာဉ်တစ်စီး၏ အပျက်အစီး အပိုင်းအစများကို စစ်ဆေးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ဆေးကုသရန် သယ်ယူ

ဖေဖော်ဝါရီ ၂၆ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်စစ်ယာဉ်တစ်စီး ဗုံးပေါက်ကွဲထိမှန်ခံရသဖြင့် ဒဏ်ရာအပြင်းအထန်ရရှိသွားသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို ဆေးကုသမှုပေးရန် စစ်ရဟတ်ယာဉ်သို့ သယ်ဆောင်သွားနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၃ ရက်က နာဆီရီယာမြို့တွင် အီရတ်ပြောက်ကျားတို့က အမေရိကန်စစ်ယာဉ်တစ်စီးကို ပစ်ခတ်တိုက်ခိုက်ရာတွင် ဒဏ်ရာအပြင်းအထန် ရရှိသွားသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို သယ်ဆောင်သွားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၂၈ ရက်က ကာဘာလာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီး ပျက်စီးကာ တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မြင်ကွင်းကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်ပြောက်ကျားတို့ခုခံတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးခဲ့ရမှု

နေ့စွဲ	အဖြစ်အပျက်	သေဆုံး
၂၀၀၃ မတ်၂၀မှ ၂၀၀၄ မတ် ၂၁ ရက်အထိ	တိုက်ပွဲ	၃၉၁
၂၀၀၃ မတ် ၂၀ မှ ၂၀၀၄ မတ် ၂၁ ရက်အထိ	အခြားတိုက်ခိုက်မှု	၁၇၇
	စုစုပေါင်း	၅၆၈

(၅၉)နှစ်မြောက်
တပ်မတော်နေ့
ဂုဏ်ပြုကြိုဆို

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများလက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများ

မြန်မာ့မီးရထားနှင့် တပ်မတော်သားများ ဖောက်လုပ်လျက်ရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ဒေသရထားလမ်းများ

စဉ်	လမ်းအမည်	ရထားလမ်းအရှည်
၁။	နမ့်စန်-ပွန်ချောင်း	၅၅ မိုင်
၂။	ဆိုက်ခေါင်-ပွန်ချောင်း	၄၈ မိုင်
	စုစုပေါင်း	၁၀၃ မိုင်



အမှတ် (၅၅) ခြေမြန်တပ်မ ဌာနချုပ်မှ တပ်မတော်သားများ ဆိုက်ခေါင်-ပွန်ချောင်း ရထားလမ်းအပိုင်းတွင် ဇလီဖားတုံးခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။

အမှတ် (၅၅) ခြေမြန်တပ်မ ဌာနချုပ်မှ တပ်မတော်သားများ နမ့်စန်-ပွန်ချောင်း ရထားလမ်းအပိုင်းတွင် မြေကျင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။



အမှတ် (၅၅) ခြေမြန်တပ်မ ဌာနချုပ်မှ တပ်မတော်သားများ ဆိုက်ခေါင်-ပွန်ချောင်း ရထားလမ်း အပိုင်းတွင် မြေသားလမ်း တူးဖော်ခြင်းလုပ်ငန်းများကို ဤသို့ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မြန်မာ့မီးရထားနှင့်တပ်မတော်သားများဖောက်လုပ်လျက်ရှိသည့် နမ့်စန်ဒေသ ရထားလမ်းဖောက်လုပ်ပြီးစီးမှု

စဉ်	လုပ်ငန်းပြီးစီးမှု	လမ်းအရှည်
၁။	တာပေါင်ပြီးစီးမှု	၇၀.၁၃ မိုင်
၂။	ကျောက်ခင်းပြီးစီးမှု	၅၆.၅၂ မိုင်
၃။	ဇလီဖားတုံးခင်းလုပ်ငန်းပြီးစီးမှု	၅၀.၁၂ မိုင်
၄။	သံလမ်းခင်းပြီးစီးမှု	၄၇.၄၇ မိုင်

အမှတ် (၅၅) ခြေမြန်တပ်မ ဌာနချုပ်မှ တပ်မတော်သားများ ဆိုက်ခေါင်-ပွန်ချောင်း ရထားလမ်း အပိုင်းတွင် မြေသားလမ်း တူးဖော်ခြင်း လုပ်ငန်းများကို ဤသို့ အင်တိုက် အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ ကြသည်။

ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်

"တပ်မတော်သားများဟာ ပြည်သူကြားကပေါက်ဖွားလာတဲ့ ပြည်သူ့တပ်မတော်သားတွေဖြစ်တယ်။ ဒါကြောင့် စစ်တိုက်ရန်နဲ့ လေ့ကျင့်ရန်မရှိပါက မိဘပြည်သူကိုအလုပ်အကျွေးပြုကြရမယ်။ ရောက်လေရာဒေသကို ကိုယ့်ဇာတိရပ်ရွာလို သဘောထားပြီး ပြည်သူ့အကျိုးပြုနိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ကြရမယ်"

ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် တပ်မတော်သားများ ပါဝင်ဆောင်ရွက်ကြရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေက စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၆) သင်တန်းဆင်းပွဲတွင် လမ်းညွှန်မိန့်ကြားခဲ့ခြင်းဖြစ်သည်။ တပ်မတော်သားများသည် စစ်တိုက်ရန်နှင့် လေ့ကျင့်ရန် မရှိသော ကာလများတွင် နိုင်ငံတစ်ဝန်းရှိ တည်ဆောက်ရေး လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

တပ်မတော်သားများသည် ပြည်သူတို့နှင့်အတူ လက်တွဲ၍ နယ်ချဲ့တို့ကို ချေမှုန်းတိုက်ဖျက်လျက် အောင်မြင်မှုမှတ်တိုင်များ စိုက်ထူခဲ့ကြသည်။ ဤမျှသာမကသေး တိုင်းပြည်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန် အသက်၊ သွေး၊ ချွေး ပေးဆက်၍ ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ ထိုနည်းတူစွာ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကို ချီတက်ရာတွင် တပ်မတော်နှင့်ပြည်သူ ညီတူလက်တွဲ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ထမ်းရွက်လျက်ရှိသည်။

ပြည်သူကြားကပေါက်ဖွားလာသော ပြည်သူ့တပ်မတော်သားများ ပီပီပြည်သူကို အလုပ်အကျွေးပြုနေကြခြင်းဖြစ်သည်။

တပ်မတော်သားများသည် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ပြည့်ဝစွာဖြင့် တိုင်းပြည်အကျိုးသယ်ပိုးနေကြသည်။

တပ်မတော်သားများသည် လွတ်လပ်ရေးကို ရယူပေးရုံသာမက၊ ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ကိုကာကွယ်ပေးရုံသာမက၊ လယ်ယာစိုက်ပျိုးရေးအတွက် တာတမံများတည်ဆောက်၊ ရေရရှိအောင်ဆောင်ရွက်၊ လယ်ရိုင်းများထုတ်ဖော်၊ တံတားများ တည်ဆောက်၊ လမ်းများကို ဖောက်လုပ်ကြသည့်အပြင် ကျေးရွာများနှင့် နယ်စပ်အစွန်အဖျားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကိုပါ သယ်ပိုး ထမ်းရွက်နေကြသည်။

နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများ ခရီးသွားလာလျှင်သော်လည်းကောင်း၊ ကုန်စည်သယ်ယူပို့ဆောင်ရာတွင်သော်လည်းကောင်း ရေလမ်း၊ လေယာဉ်လမ်း၊ ကုန်းလမ်းခရီးဖြင့် သွားလာကြသည်။

ယင်းသို့သွားလာရာတွင် ရေလမ်းခရီးဖြင့်သွားလျှင် ခရီးကြန့်ကြာမည်ဖြစ်သကဲ့သို့ လေယာဉ်ဖြင့်သွားလျှင်လည်း ကုန်ကျစရိတ်များမည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်သူများအတွက် အဓိကအားထားရာမှာ ကုန်းလမ်းခရီးဖြစ်သည်။ ကုန်းလမ်း ဖြင့်သွားလာရာတွင် အဆင်ပြေချောမွေ့စွာသွားလာ နိုင်ရန်အတွက် လမ်းနှင့်တံတားများ ဖောက်လုပ်တည်ဆောက်ရန် လိုအပ်ခဲ့သည်။

နိုင်ငံ၏ပထဝီဝင်အနေအထားအရ အရှေ့မှအနောက်၊ တောင်မှမြောက်မည်သည့် နေရာဒေသတွင်မဆို မြစ်၊ ချောင်းများ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။

နိုင်ငံတော်အစိုးရက တိုင်းရင်းသား ပြည်သူများအကျိုးအတွက် တံတားများကို ကွန်ရက်သဖွယ် ဆက်သွယ်ပေးလျက်ရှိသည်။ လိုအပ်သော တံတားများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြန်မာ့ မီးရထားနှင့် တပ်မတော်စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့က တည်ဆောက်ပေးလျက်ရှိသည်။

လမ်းတံတားသည် နိုင်ငံ၏အင်အားများပင်ဖြစ်ပါသည်။ ယခင်က မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးလမ်းကြောင်းသည် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း၌သာ တောင်နှင့်မြောက်ဆက်သွယ်လျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံ၏အရှေ့အနောက်တောင်မြောက် အစိတ်အပိုင်းအားလုံး ဆက်သွယ်မိစေရန် မဟာဗျူဟာချမှတ်ပြီး ကားလမ်းများ၊ တံတားများ၊ ရထားလမ်းများကို တိုးချဲ့ ဖောက်လုပ်တည်ဆောက်နေပြီဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်း တည်ဆောက်ခဲ့သည့် တံတားများမှာ ပေ ၁၈၀ အထက် တံတားကြီးပေါင်း ၁၈၀စင်းဖြစ်သည်။ ထိုတံတားများတွင် တပ်မတော်သားများ တည်ဆောက်ခဲ့သော တံတားမှာ ငါးစင်းပါဝင်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာ၌ တပ်မတော်သည် တံတားများကို တစ်ဖက်တစ်လမ်းက စွမ်းစွမ်းတမံ ပါဝင်တည်ဆောက်ခဲ့သည်။ ထိုကဲ့သို့ တပ်မတော်က တည်ဆောက်ခဲ့သည့် တံတားများ၏ အခြေအနေကို သိရှိနိုင်ရန်အတွက်မြန်မာ့အလင်းသတင်း ဆောင်းပါးရေးသားရေးအဖွဲ့က တံတားတည်ဆောက်ရာတွင် ပါဝင်ခဲ့ကြသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

"တပ်မတော်က တည်ဆောက်ခဲ့တဲ့ တံတားများအနက် လှိုင်းဘွဲ့ မြစ်ကူးတံတား(ဒေါ်လန်း)တံတား တည်ဆောက်ခဲ့ပုံကို သိပါရစေ။"

"လှိုင်းဘွဲ့မြစ်ကူးတံတား(ဒေါ်လန်း)ဟာ တပ်မတော်က ပထမဆုံး တည်ဆောက်ခဲ့တဲ့ တံတားဖြစ်ပါတယ်။ ဒီတံတားတည်ဆောက်ပြီး နောက်ပိုင်းမှာ တံတားအသစ်တွေ ထပ်မံ တည်ဆောက်ခဲ့ ပါတယ်။ ယခုဆိုရင် ပေ ၁၈၀ နဲ့အထက် တံတားပေါင်း ၁၁ စင်း တည်ဆောက်ခဲ့ရာ ငါးစင်းဖွင့်လှစ်ပြီးလို့ မကြာမီမှာပဲ နှစ်စင်းဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ ကျန်လေးစင်းကတော့ တည်ဆောက်ဆဲဖြစ်ပါတယ်။ ပေ ၁၈၀ အောက် ဆိုရင်တော့ အများကြီးရှိသွားပါပြီ။

လှိုင်းဘွဲ့ မြစ်ကူးတံတား (ဒေါ်လန်း) မတည်ဆောက်ခင်တုန်းက ဘားအံမှ ကော့ကရိတ်ကိုသွားရင်လေ့၊ မော်တော်တွေနဲ့ ဂျိုင်းမြစ်ကို ဖြတ်ကူးပြီး ၅၈ မိုင်ဝေးအောင်သွားရ ပါတယ်။ မိုးတွင်းကာလမှာဆို မြစ်ကိုဖြတ်ကူးရတာ အန္တရာယ်များလွန်းပါတယ်။ အခုတော့ တံတားကြီးကို မော်တော်ယာဉ်နဲ့ ဖြတ်ကူးနိုင်လို့ အချိန်တိုအတွင်းမှာ အန္တရာယ်ကင်းစွာ သွားနိုင်ပါပြီ။ ဒေသခံပြည်သူတွေ သွားရေးလာရေး လွယ်ကူပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေပါပြီ။ တံတားကြီး တည်ဆောက်တုန်းက ဒေသခံပြည်သူတွေ ပူးပေါင်းပါဝင်ကြလို့ တစ်နှစ်အတွင်း အခက်အခဲ မရှိဘဲပြီးစီးအောင် တည်ဆောက်နိုင်ခဲ့ပါတယ်။"

တပ်မတော်က ပထမဆုံးတည်ဆောက်ခဲ့သည့် ဒေါ်လန်းတံတား တည်ဆောက်ခဲ့ရခြင်းနှင့် အကျိုးတရားကို တံတားတည်ဆောက်ရေး တာဝန်ခံ ဒုတိယဗိုလ်မှူးကြီး သိုက်စိုးက ရှင်းပြခြင်းဖြစ်သည်။ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ယခင်က သွားလာရေးခက်ခဲသဖြင့် တပ်မတော်က ထိုအခက်အခဲကိုပြေလည်စေရန် ၁၉၉၉ခုနှစ်တွင် ဒေါ်လန်းတံတားကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါ ကရင်ပြည်နယ်အတွင်း သွားလာရေးအဆင်ပြေနေပြီဖြစ်သည်။ ဤသည်မှာ တပ်မတော်က ပြည်သူတို့အပေါ် ထားရှိသည့် မေတ္တာစေတနာပင် ဖြစ်သည်။

ထို့နောက် ၂၀၀၂ ခုနှစ်တွင် တပ်မတော်က ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် ငမိုးရိပ်တံတားကို ဆက်လက်တည်ဆောက်ပေးခဲ့ပြန်သည်။

ကျွန်တော်တို့ သတင်းဆောင်းပါးရေးသားရေးအဖွဲ့က ငမိုးရိပ်တံတား တည်ဆောက်ရေးတာဝန်ခံ ဗိုလ်မှူးအောင်မြင့်ကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

တပ်မတော်သားတို့ ပါဝင်တည်ဆောက်ခဲ့သော တံတားကြီးမျ

မောင်ငြိမ်းချမ်း

"ဗိုလ်မှူးခင်ဗျား- ငမိုးရိပ်တံတားတည်ဆောက်ခဲ့ရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။"

"ငမိုးရိပ်တံတားတည်ဆောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံခြားမှ ရောက်ရှိလာတဲ့ ကုန်ပစ္စည်းများကို သီလဝါဆိပ်ကမ်းမှနေပြီး မြန်မာပြည်အရပ်ရပ်ကို တင်ပို့ရာမှာ ရန်ကုန်မြို့တွင်းကိုမဝင်ဘဲ မြို့ပြင်လမ်းမကို ဖြတ်သန်းဝင်ရောက်နိုင်ဖို့ ဖြစ်ပါတယ်။ ပဲခူးရိုးမအနောက်ခြမ်းမှာရှိတဲ့ ဒေသ တွေကို ကုန်စည်များပေးပို့ရာမှာ လွယ်ကူချောမွေ့စေရန် ရည်ရွယ်ပြီး တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ငမိုးရိပ်ချောင်း အရှေ့ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်း သွားလာမှုလွယ်ကူပြီး တိုင်းရင်းသား ပြည်သူတွေ လှေနဲ့ဖြတ်မကူးရဘဲ တံတားပေါ်က လွယ်လွယ်ကူကူ ဖြတ်သန်းသွားလာနိုင်ဖို့ဖြစ်ပါတယ်။ နောက်ပြီး အမှတ်(၂) လမ်းမကြီးမှတစ်ဆင့် ရန်ကုန်- ပြည်လမ်းမ တစ်လျှောက်ရှိ မြို့များသို့ အင်းတိုင်-လှည်းကူးမှ ပတ်မသွားရဘဲ အမှတ်(၇)လမ်းမကြီးမှ တိုက်ရိုက်သွားနိုင်တဲ့အတွက် ခရီး ၂၁ မိုင် သက်သာသွားပါတယ်။"

ဤသည်မှာ တပ်မတော်က ဒုတိ... ငမိုးရိပ်တံတားကြီး ပေါ်ထွန်းလာသ... ဖြစ်သည်။ ထိုတံတားကြီး တည်ဆော... တနင်္သာရီတိုင်းတွင် ပသောင်းတံတာ... ခဲ့သည်။

ပသောင်းတံတားသည် တနင်္သာရီ... မြိတ်-တနင်္သာရီ-ကော့သောင်းလမ်းမ... တံတားကြီးတည်ဆောက်နိုင်ခဲ့သဖြင့်...

တပ်မတော်က တည်ဆောက်ခဲ့...

ထားဝယ်- မြိတ်-တနင်္သာရီ-ကော့သော... စွာ သွားလာနိုင်ပြီဖြစ်သည်။

တပ်မတော်သားများသည် ပြ... သားကောင်းရတနာများ ဖြစ်ကြသည်... ၏အကျိုးအတွက် အစဉ်သယ်ပိုးထမ်... တပ်မတော်သားများသည် မိဘပြည်သူ... အတွက် အဖျက်ရန်ဟူသမျှကို တိုက်... မိဘပြည်သူများ၏ အကျိုးစီးပွား ဖွံ့... နိုင်ငံတည်ဆောက်ရေးကဏ္ဍအသီးသီး... တမံပါဝင်ခဲ့ကြသည်။ ထို့ကြောင့်ပင်... တစ်လျှောက်တွင် တိုင်းရင်းသားပြည်သ... သားကောင်းရတနာများ ဖြစ်ခဲ့ကြခြင်...

တပ်မတော်သည် စစ်ကိုင်းတိုင်းအ... တည်ဆောက်ခဲ့ပြန်သည်။ စစ်ကိုင်းတို... တပ်မတော်က တည်ဆောက်ခဲ့သည့် တ... ထိုလမ်းပေါ်တွင်ပင် တံတားအကြီးအ... ခဲ့သည်။ ယခုအခါ ပေ ၁၈၀ နှင့်အထ... လပင် တံတားများကို တည်ဆော... မြို့မတံတားနှင့် တိန်းတံတားတို့ကို... မကြာမီဖွင့်လှစ်တော့မည်ဖြစ်သည်။ ထို... သိရှိလိုသဖြင့် စာရေးသူတို့ သတင်းဆေ...

တပ်မတော်က တည်ဆောက်ခဲ့သည့် တနင်္သာရီတိုင်း မြိတ်မြို့နယ်ရှိ အရှည်ပေ ၈၁၀ ရှိသော ပသောင်းတံတားကို တွေ့ရစဉ်။

21-3 (8).p65 2 3/25/05, 11:50 PM

(၆၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါးနှင့် မှတ်တမ်းဓာတ်ပုံ

...က တံတားကြီးများ

တပ်မတော်က တည်ဆောက်ခဲ့သော ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)ရှိ ငမိုးရိပ်တံတားကို ဤသို့ တွေ့ရသည်။

သက်သာသွားပါတယ်။"

ဤသည်မှာ တပ်မတော်က ဒုတိယမြောက် တည်ဆောက်ခဲ့သည့် ငမိုးရိပ်တံတားကြီး ပေါ်ထွန်းလာသဖြင့် ရရှိသည့် အကျိုးတရားများ ဖြစ်သည်။ ထိုတံတားကြီး တည်ဆောက်ပြီးနောက် တပ်မတော်သည် တနင်္သာရီတိုင်းတွင် ပသောင်းတံတားကို ဆက်လက်တည်ဆောက်ခဲ့သည်။

ပသောင်းတံတားသည် တနင်္သာရီတိုင်း မြိတ်မြို့နယ်တွင် တည်ရှိပြီး မြိတ်–တနင်္သာရီ–ကော့သောင်းလမ်းမကြီးပေါ်တွင်တည်ရှိသည်။ ထိုတံတားကြီးတည်ဆောက်နိုင်ခဲ့သဖြင့် ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ်– မြိတ်–တနင်္သာရီ–ကော့သောင်းမြို့များသို့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။

တပ်မတော်သားများသည် ပြည်သူတို့၏ ရင်နှစ်သည်းချာ သားကောင်းရတနာများ ဖြစ်ကြသည်။ ထို့ကြောင့် မိဘပြည်သူများ၏အကျိုးအတွက် အစဉ်သယ်ပိုးထမ်းဆောင်နေကြခြင်း ဖြစ်သည်။ တပ်မတော်သားများသည် မိဘပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် အတွက် အဖျက်ရန်ဟူသမျှကို တိုက်ခိုက်ချေမှုန်းခဲ့သည်။ ထို့ပြင် မိဘပြည်သူများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း နိုင်ငံတည်ဆောက်ရေးကဏ္ဍအသီးသီးတွင် မမောနိုင်မပန်းနိုင် စွမ်းစွမ်းတမံပါဝင်ခဲ့ကြသည်။ ထို့ကြောင့်ပင် တပ်မတော်သည် သမိုင်းစဉ်တစ်လျှောက်တွင် တိုင်းရင်းသားပြည်သူတို့၏ အားကိုးအားထား ပြုရာ သားကောင်းရတနာများ ဖြစ်ခဲ့ကြခြင်းဖြစ်သည်။

တပ်မတော်သည် စစ်ကိုင်းတိုင်းအတွင်း တံတားများကို ဆက်လက်တည်ဆောက်ခဲ့ပြန်သည်။ စစ်ကိုင်းတိုင်း မုံရွာ–ကလေးဝလမ်းပေါ်၌ တပ်မတော်က တည်ဆောက်ခဲ့သည့် တံတား များမှာ များပြားလှသည်။ ထိုလမ်းပေါ်တွင်ပင် တံတားအကြီးအသေး ၂၁ စင်းကို တည်ဆောက်ခဲ့သည်။ ယခုအခါ ပေ ၁၈၀ နှင့်အထက်ရှိသော ပုထိုးလုံးတံတားနှင့် လပင် တံတားများကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး နောက်ထပ် မြို့မတံတားနှင့် တိန်းတံတားတို့ကို တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ရာ မကြာမီဖွင့်လှစ်တော့မည်ဖြစ်သည်။ ထိုတံတားများ တည်ဆောက်ခဲ့ပုံကို သိရှိလိုသဖြင့် စာရေးသူတို့ သတင်းဆောင်း ပါး ရေးသားရေးအဖွဲ့က မုံရွာ–ကလေးဝလမ်းပေါ်ရှိ တံတားများ တည်ဆောက်ရေးတာဝန်ခံ ဗိုလ်မှူးအောင်မြင့်ကို တွေ့ဆုံမေးမြန်းခဲ့သည်။

"ဗိုလ်မှူးခင်ဗျား မုံရွာ–ကလေးဝ လမ်းပေါ်မှာ တံတားတွေ တည်ဆောက်ခဲ့တဲ့ ရည်ရွယ်ချက်ကို သိပါရစေ"

"မုံရွာ–ကလေးဝလမ်းပေါ်မှာ တံတားတွေ တည်ဆောက်ခဲ့တဲ့ ရည်ရွယ်ချက်ကတော့ စစ်ကိုင်းတိုင်းက ချင်းတွင်းမြစ်ဟာ ရေစီးသန်တဲ့ မြစ်ဖြစ်ပါတယ်။ ဒီမြစ်ရဲ့ အရှေ့ဘက်ကမ်းနဲ့ အနောက်ဘက်ကမ်းကို လှေနဲ့ ဖြတ်သန်းသွားလာရာမှာ တိုင်းရင်းသားပြည်သူများအတွက် များစွာအန္တရာယ်ကြီးလှပါတယ်။ သွားရေးလာရေးခက်ခဲပြီး နီးလျက်နှင့် ဝေးနေပါတယ်။ ဒီအခက်အခဲကို နိုင်ငံတော်အကြီးအကဲက ချင်းတွင်းမြစ်အနောက်ဘက်ကမ်းဒေသ ဖွံ့ဖြိုးရေးနဲ့ ကလေးဒေသသွားလာမှု လွယ်ကူစေရန်ရည်ရွယ်ပြီး မဟာဗျူဟာလမ်းကြောင်းသစ် ဖောက်လုပ်ဖို့ လမ်းညွှန်ခဲ့ပါတယ်။ ဒါကြောင့် ဒီလမ်းကြောင်းသစ်ပေါ်မှာ တပ်မတော်က သစ်သားတံတား ၁၅၃ စင်း၊ သံပေါင်ယက်မ တံတား ၈ စင်း၊ ကွန်ကရစ်တံတား ၁၃ စင်းတို့ကို တည်ဆောက်ခဲ့ပါတယ်။ ဒီလို တည်ဆောက်ပေးခဲ့တဲ့အတွက် စစ်ကိုင်းတိုင်းနဲ့ ချင်းပြည်နယ် ပိုမိုဖွံ့ဖြိုးတိုးတက်ခဲ့ပြီး တစ်ဖက်အိမ်နီးချင်းနိုင်ငံနဲ့ ဆက်သွယ်နေတဲ့ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွေလည်း ဖွံ့ဖြိုးအောင် အထောက်အကူပြုနေပါပြီ။"

တပ်မတော်က တည်ဆောက်ခဲ့သော စစ်ကိုင်းတိုင်း ကနီမြို့နယ်ရှိ လပင်တံတားကို ဤသို့ တွေ့ရသည်။

တပ်မတော်က တည်ဆောက်ခဲ့သည့်တံတားများနှင့် တည်ဆောက်ဆဲတံတားများ

စဉ်	အမည်	တည်နေရာ	အရှည်ပေ	မှတ်ချက်
၁။	ပသောင်းတံတား	မြိတ်မြို့နယ်	၈၁၀	တည်ဆောက်ပြီး
၂။	ဒေါလန်းတံတား	လှိုင်းဘွဲမြို့နယ်	၁၀၀၀	။
၃။	ငမိုးရိပ်တံတား	ရန်ကုန်မြို့	၆၆၀	။
၄။	ပုထိုးလုံတံတား	ကနီမြို့နယ်	၄၅၀	။
၅။	လပင်တံတား	ကနီမြို့နယ်	၂၂၀	။
၆။	တိန်းတံတား	မင်းကင်းမြို့နယ်	၃၆၀	တည်ဆောက်ဆဲ
၇။	မြို့မတံတား	ကနီမြို့နယ်	၅၄၀	။
၈။	ရုံးပင်တံတား	လယ်ဝေးမြို့နယ်	၂၇၀	။
၉။	အဆုံချောင်း	တပ်ကုန်းမြို့နယ်	၁၉၀	။
၁၀။	ငလိုက်ချောင်းတံတား	ပျဉ်းမနားမြို့နယ်	၃၀၀	။
၁၁။	ဆင်သေချောင်းတံတား	ပျဉ်းမနားမြို့နယ်	၂၁၀	။

တပ်မတော်သည် နိုင်ငံတစ်ဝန်း တံတားများကိုတည်ဆောက်ပေးခဲ့ရာတွင် နိုင်ငံအနောက်ဘက်ခြမ်း၊ မြောက်ဘက်ခြမ်းတွင်သာမက မြန်မာပြည်အလယ်ပိုင်းတွင်လည်း တံတားလေးစင်း ထပ်မံတည်ဆောက်ပေးလျက်ရှိသည်။ အဆိုပါတံတားလေးစင်းမှာ ပျဉ်းမနားမြို့နယ်တွင် ဆင်သေချောင်းတံတားနှင့် ငလိုက်ချောင်းတံတား၊ တပ်ကုန်းမြို့နယ်တွင် အဆုံချောင်းတံတား၊ လယ်ဝေးမြို့နယ်တွင် ရုံးပင်ချောင်းတံတားတို့ဖြစ်ကြသည်။ ထပ်မံ၍လည်း လိုအပ်သည့်နေရာဒေသများတွင် တံတားသစ်များကို ဆက်လက် တည်ဆောက်လျက်ရှိသည်။

ဤသို့လျှင် တပ်မတော်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူများ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် တံတားကြီးများကို နေ့မအားညမနား ပါဝင်တည်ဆောက်ပေးခဲ့သည်။ တပ်မတော်သည် ခေတ်အဆက်ဆက် ပြည်သူ့အကျိုး အစဉ်သယ်ပိုးလျက်ရှိသည်။ အနာဂတ်ကာလများတွင်လည်း ပြည်သူ့အကျိုး ဆက်လက်သယ်ပိုးနေကြဦးမည်ဖြစ်သည်။ တပ်မတော်သားများက တိုင်းရင်းသားပြည်သူများအပေါ် မေတ္တာစေတနာထားရှိသကဲ့သို့ တိုင်းရင်းသားပြည်သူများကလည်း တပ်မတော်သားများ၏ တာဝန်ထမ်းဆောင်ရာဒေသအသီးသီးတွင် မေတ္တာစေတနာထား၍ အားပေးကူညီခဲ့သည်။ ဤသည်မှာ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ ထာဝရရှင်သန်နေမည့် စည်းလုံးညီညွတ်မှုအင်အားများပင် ဖြစ်ပါသည်။ ။

တပ်မတော်က တည်ဆောက်ခဲ့သော စစ်ကိုင်းတိုင်း ကနီမြို့နယ်ရှိ ပုထိုးလုံး တံတားကို ဤသို့ တွေ့ရသည်။



သံလွင်တံတား(တာပါး) တည်ဆောက်ရေးကြည့်ရှု

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မတ် ၁၉ ရက်က ကွတ်ခိုင်မြို့နယ်ရှိ ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာပါး–တာရွှေထန်–လောက်ကိုင်လမ်းပေါ်မှ သံလွင်တံတား(တာပါး)တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၄ မှ

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ များစွာဖြစ်ထွန်းလျက်ရှိနေကြောင်း။

သို့ဖြစ်၍ နယ်စပ်ဒေသများ၌ တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ရရှိဖြစ်ထွန်းနေသည့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးပွားဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင်လည်း နှစ်ဦးနှစ်ဖက် မျှတစွာအကျိုးဖြစ်ထွန်းစေရအောင်၊ လုပ်ငန်းများ သွက်လက်မြန်ဆန် မှန်ကန်စေရအောင် ကြိုးစားဆောင်ရွက်ကြဖို့လိုကြောင်း။

နှစ်နိုင်ငံအကြား နယ်စပ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ ချုပ်ဆိုထားသည့် သဘောတူညီချက်များနှင့်စပ်လျဉ်း၍လည်း မိမိတို့အခြေခံအဆင့်၌ ပူးပေါင်းဆောင်ရွက်ဖွယ်ရာများကို စနစ်တကျ အလေးထားဆောင်ရွက်သွားကြဖို့ မှာကြားလိုကြောင်း။

မူဆယ်မြို့သည် ခရိုင်အဆင့်မြို့ကြီးဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသအတွင်းရှိ မြို့နယ်များ၊ မြို့များ၊ ကျေးလက်ဒေသများအထိ ကွင်းဆင်းပြီး ပြည်သူများနှင့်ထိတွေ့ကာ ပြည်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းအကောင်အထည်ဖော်ပေးနိုင်စေရအောင် စနစ်တကျစီမံခန့်ခွဲပေးကြရမှာဖြစ်ကြောင်း။

အလားတူပင် မိမိတို့အဆင့်မြင့် စီမံခန့်ခွဲနိုင်ခြင်းမရှိသော လုပ်ငန်းကိစ္စရပ်များကို အထက်အဆင့်ဆင့်သို့ မှန်ကန်မြန်ဆန်စွာ တင်ပြကြဖို့ မှာကြားလိုကြောင်း။

မိမိဒေသဖွံ့ဖြိုးရေး

လုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်းပေးထားသော ကော်မတီများရှိပြီးဖြစ်ရာ လုပ်ငန်းများ ပီပြင်ထိရောက်အောင်မြင်စေရအောင် စုပေါင်းခေါင်းဆောင်မှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းဆောင်ရွက်မှုတို့ဖြင့် ကြိုးပမ်းဆောင်ရွက်မှသာ မိမိမြို့နယ်၊ မိမိခရိုင်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

အခြေခံဒေသ ကျေးလက်များ၏ ပကတိအခြေအနေကိုသိရှိပြီး ပြည်သူများ၏လိုအပ်ချက်ကို ကိုယ်ထိလက်ရောက် ဖြည့်ဆည်းစီမံပေးနိုင်သည်နှင့်အမျှ ပြည်သူများ၏ယုံကြည်ကိုးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုများကို ရရှိပြီး မိမိတို့၏လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှာဖြစ်ကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒေသခံများကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မူဆယ်မြို့မှတစ်ဆင့် ကွတ်ခိုင်မြို့နယ်ရှိ ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာပါး–တာရွှေထန်–လောက်ကိုင်လမ်းပေါ်မှ သံလွင်တံတား(တာပါး)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ လောက်ကိုင်တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းဝင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံ တိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေက သံလွင်တံတား(တာပါး)တည်ဆောက်ရေးစီမံကိန်း အချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

သတ်မှတ်ချိန်စောပြီးရေး

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၉)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းရွှေက သံလွင်တံတား(တာပါး)တည်ဆောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ အကြိုအင်ဂျင်နီယာလုပ်ငန်းဆောင်ရွက်ခြင်း၊ မုံးစီးဘက်ကမ်း တာဝါတိုင်အုတ်မြစ်တည်ဆောက်ခြင်း၊ ကြိုးထိန်းတုံး အုတ်မြစ်တည်ဆောက်ခြင်း၊ တာရွှေထန်ဘက်ကမ်း တာဝါတိုင်အုတ်မြစ်တည်ဆောက်ခြင်း၊ ကြိုးထိန်းတုံး အုတ်မြစ်တည်ဆောက်ခြင်းလုပ်ငန်းများ အခြေအနေ၊ သတ်မှတ်ချိန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်းများ မူလသတ်မှတ်ချိန်ထက် တတ်နိုင်သမျှစော၍ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တံတားအထူးအဖွဲ့(၉)မှ ဝန်ထမ်းများကိုယ်စား ဒုတိယအင်ဂျင်နီယာမှူးကြီးဦးသန်းရွှေအားလည်းကောင်း၊ လမ်းလုပ်ငန်းအထူးအဖွဲ့မှ ဝန်ထမ်းများကိုယ်စား မြို့နယ်အင်ဂျင်နီယာ ဦးသိန်းအောင်အားလည်းကောင်း စားသောက်ဖွယ်လက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးမြင့်လွင်အား စားသောက်ဖွယ်လက်ဆောင်များ ပေးအပ်သည်။

တည်ဆောက်ရေးလုပ်ငန်းစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် သံလွင်တံတား(တာပါး)မုံးစီးဘက်ကမ်း တာဝါတိုင်အုတ်မြစ် တည်ဆောက်မှုလုပ်ငန်း၊ ကြိုးထိန်းတုံး အုတ်မြစ်တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လက်ဆောင်ပေးအပ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မတ် ၁၉ ရက်က ကွတ်ခိုင်မြို့နယ်ရှိ ကောင်းခါးမြို့သစ် လွယ်ခန်းကျေးရွာအနီး နမ့်ဟူးမွန် (ကောင်းခါး) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း ရှင်းလင်းဆောင်၌ တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်အား စားသောက်ဖွယ်များ လက်ဆောင်ပေးအပ်စဉ်။

(သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာပါး–တာရွှေထန်–လောက်ကိုင်လမ်း အဆင့်မြှင့်ကတ္တရာခင်းရန် လိုအပ်သည်များဆောင်ရွက်ပေးသည်။

အထောက်အကူပြု

သံလွင်တံတား(တာပါး)မှာ သံလွင်အနောက်ဘက်ခြမ်းရှိ ကွတ်ခိုင်–တာမိုးညဲ–မုံးစီး–တာပါးလမ်းအပိုင်း နှင့် သံလွင်မြစ်အရှေ့ဘက်ခြမ်းရှိ တာပါး–တာရွှေထန်–လောက်ကိုင်လမ်းအပိုင်းတို့ကို သံလွင်မြစ်ကို ဖြတ်သန်းဆက်သွယ်ပေးမည့် ပေ ၆၀၀ အရှည်ရှိ ကွန်ကရစ်ခင်း သံမဏိသံပေါင်ကြိုးတံတားဖြစ်သည်။

ဤတံတားပြီးစီးသွားပါက သံလွင်မြစ်၏အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ဆက်သွယ်ပေါင်းကူးပေးသည့် လမ်းကြောင်းတစ်ခု တိုးတက်ဖြစ်ထွန်းလာသည့်ပြင် နယ်စပ်ဒေသတိုင်းရင်းသားများအတွက် စီးပွားရေးနှင့် လူမှုရေးဘဝ တိုးတက်မြင့်မားလာစေရေးကို များစွာအထောက်အကူပြုစေမှာဖြစ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ် လွယ်ခန်းကျေးရွာအနီး နမ့်ဟူးမွန် (ကောင်းခါး)ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးစံလင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၅)မှ တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်နှင့်တကွ ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က နမ့်ဟူးမွန်(ကောင်းခါး)ရေအားလျှပ်စစ်စီမံကိန်း ဖြစ်ပေါ်လာပုံနှင့် စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးဝင်းကြည်က နမ့်ဟူးမွန်(ကောင်းခါး)ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ ရေလွှဲဆည်၊ ရေယူအဆောက်အအုံ၊ ရေထုတ်ပြွန်၊ ရေသွယ်မြောင်း၊ နုန်းစစ်ကန်၊ ရေထိန်းကန်၊ ရေပိုလွှဲနှင့် ရေထုတ်မြောင်းတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်က ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လက်ဆောင်ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တိုင်းရင်းသား ခေါင်းဆောင် ဦးမထုနော်အား စားသောက်ဖွယ်လက်ဆောင်များပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နမ့်ဟူးမွန် (ကောင်းခါး) ရေအားလျှပ်စစ်စီမံကိန်းမှ ဝန်ထမ်းများကိုယ်စား ဦးစီး အရာရှိ (မြို့ပြ) ဦးငွေစိုးအား စားသောက်ဖွယ် လက်ဆောင်များကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး တို့အား တိုင်းရင်းသားခေါင်းဆောင် ဦးမထုနော်က ဂါရဝပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ သည် လုပ်ငန်းခွင်သို့သွားရောက်၍ ရေလွှဲဆည်၊ ရေလွှဲတံခါး၊ ရေထုတ်ပြွန်၊ သဲစစ်ကန်နှင့် ရေသွယ်မြောင်းများ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြန့်ဝေပေးနိုင်မည်

နမ့်ဟူးမွန်(ကောင်းခါး) ရေအားလျှပ်စစ်စက်ရုံတွင် ကီလိုဝပ် ၁၅၀ စက် နှစ်လုံး တပ်ဆင်လည်ပတ်မှာဖြစ်ပြီး တစ်နှစ်ပတ်လုံးထွက်ရှိမည့် ဓာတ်အားမှာ ၁ဒသမ ၄၇၅ ကီလိုဝပ် နာရီသန်းပေါင်း ဖြစ်သည်။ ကောင်းခါးမြို့အတွက် လုံလောက်သောလျှပ်စစ်ဓာတ်အားကို ဖြန့်ဝေပေးနိုင်မှာဖြစ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် ကွတ်ခိုင်မြို့သို့ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးအုန်းလွင်၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကွတ်ခိုင်မြို့ ပြည်ထောင်စုခန်းမ၌ ကွတ်ခိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ဝေက မြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ ပထဝီ အနေအထား၊ မိုးရွာသွန်းမှုအခြေအနေ၊ အထွက်တိုးစပါးစိုက်ပျိုးမှုနှင့် ထွက်ရှိမှု၊ ဝမ်းစာဖူလုံမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုး ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ကွတ်ခိုင်မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့် အတန်း တိုးတက်မြင့်မားရေးတို့အတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေး ဆောင်ရွက်ပေးနိုင်ရန် မိမိတို့လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

လိုအပ်ချက်များဖြည့်ဆည်း

ယနေ့နံနက်ပိုင်းက မူဆယ်မြို့တွင် ခေတ်မီအားကစားကွင်းသစ်ကြီးဖွင့်ပွဲ သို့ တက်ရောက်ခဲ့ပြီးနောက် ဒေသဆိုင်ရာ အာဏာပိုင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ခံများနှင့်တွေ့ဆုံ၍ ကွတ်ခိုင်မြို့နယ်အပါအဝင် မူဆယ်ခရိုင် တစ်ခုလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပြီးလည်း ဖြစ်ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

21-3 (10).p65 1 3/25/05, 11:50 PM

စာမျက်နှာ ၁၀ မှ

ယင်းနောက် သံလွင်မြစ်အနောက်ဘက်ရှိ ကွတ်ခိုင်၊ တာမိုးညဲ၊ မုံးစီး၊ တာပါးကျေးရွာများနှင့် သံလွင်မြစ်အရှေ့ဘက်ရှိ တာပါး၊ လောက်ကိုင်၊ ကုန်ကြမ်းမြို့နှင့် တာရွှေထန်ရွာတို့ကို ဆက်သွယ်ပေးမည့် သံလွင်မြစ်ကူး တာပါးကြိုးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး လုပ်ငန်းလိုအပ်ချက်များ စီစဉ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း။

ဆက်စပ်ပေးမည်

တာပါးတံတားသည် ကွတ်ခိုင်မြို့အတွက်ရော ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွက်ပါ အရေးပါသော လမ်းမကြီးတစ်ခု ပေါ်ထွန်းလာရေးအတွက် သံလွင်မြစ်ကို ဖြတ်ကူးဆက်စပ်ပေးမည့် တံတားတစ်စင်းဖြစ်ကြောင်း။

ယခင်အခါက လားရှိုးမှ သိန်းနီ၊ ကွမ်းလုံတို့မှတစ်ဆင့် ကိုးကန့်ဒေသသို့ သွားရောက်နိုင်သည့်လမ်း တစ်လမ်းသာရှိခဲ့ကြောင်း၊ ထို့ကြောင့် ကွတ်ခိုင်မှ ကွမ်းလုံ၊ လောက်ကိုင်၊ ကုန်ကြမ်းတို့သို့သွားရောက်လိုလျှင် သိန်းနီမြို့အထိ လာရောက်ရပြီးမှ သွားနိုင်ခဲ့ကြောင်း။

ထို့ကြောင့် တာပါးတံတားပြီးသည်နှင့် တာပါးတံတားနှင့် ဆက်စပ်ထားသော ကွတ်ခိုင်၊ တာမိုးညဲ၊ မုံးစီး၊ လောက်ကိုင်၊ ကုန်ကြမ်းလမ်းတစ်ခု တိုးပွားလာမှာဖြစ်တာကြောင့် ဒေသခံတိုင်းရင်းသားများအတွက် စီးပွားရေး၊ လူမှုရေး ဘဝများ တိုးတက်မြင့်မားရေးကို အထောက်အကူပြုလာမှာဖြစ်ကြောင်း။

ခဲရာခဲဆစ်တည်ဆောက်

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကပင်ဖြစ်ရာ ယခုတာပါးတံတားကို နိုင်ငံခြားငွေမြောက်မြားစွာ ကုန်ကျခံပြီး သံလွင်မြစ်ကိုဖြတ်ကာ ခဲရာခဲဆစ်တည်ဆောက်ပေးနေခြင်း ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် ယခင်ခေတ်ကာလက နယ်မြေဒေသ အေးချမ်းသာယာမှုမရှိခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေးချို့ယွင်းအားနည်းခဲ့ရပြီး စီးပွားကုန်သွယ်မှုအခြေခံကောင်းများလည်း မဖော်ထုတ်နိုင်ဖြစ်ခဲ့၍ ကုန်စည်စီးဆင်းမှုနှေးကွေးကာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း။

အခြေခံကောင်းများဖြစ်ထွန်း

ယခုအချိန်အခါတွင် နယ်မြေဒေသတည်ငြိမ်အေးချမ်းလာခဲ့သည်မှာ ၁၀ နှစ်ကျော် ၁၅ နှစ်အတွင်းရှိခဲ့ပြီဖြစ်သဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုနှင့်အတူ နယ်စပ်အစွန်အဖျားဒေသများတွင် လမ်းမကြီးများ၊ တံတားကြီးများပေါ်ထွန်းလာခဲ့ပြီး ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှုအခြေခံကောင်းများ ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေး

အလားတူပင် အနာဂတ်ကာလအတွက် ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ်များ ပေါ်ထွန်းလာစေမည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံကောင်းများလည်း နယ်စပ်ဒေသနှင့်အပြားတွင် ပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ဤကဲ့သို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ပေးနေသကဲ့သို့ ကွက်လပ်သဖွယ် အကြားအလပ်ဖြစ်ကျန်နေသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံတော်အစိုးရက အလေးထားဆောင်ရွက်ပေးနေကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း)ဆက်စပ်ရာဒေသများသည် ဖွံ့ဖြိုးမှုကြားလပ်ကျန်နေသည့် သဘောဖြစ်နေသဖြင့် နိုင်ငံတော်အစိုးရက ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် (တောင်ပိုင်း)ဆက်စပ်ပေးမည့် လမ်းမကြီးများကို အဆင့်မြှင့်ပြုပြင်ပေးလျက်ရှိကြောင်း။

လက်ယှက်ထိုးပေါ်ထွန်း

ထို့အပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင်ရော တောင်ပိုင်းမှာပါ အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ဆက်သွယ်သည့်လမ်းများကို လိုအပ်သည့်နေရာ ဒေသတိုင်းတွင် ဖောက်လုပ်ပေးလျက်ရှိရာ ယခုဆိုလျှင် ရှမ်းပြည်နယ်အတွင်း လမ်းများ လက်ယှက်ထိုးပေါ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

ဒေသအချင်းချင်း ဆက်သွယ်သည့်လမ်းများ တိုးပွားပေါ်ထွန်းလာသည်နှင့်အမျှ တိုင်းရင်းသားပြည်သူများအချင်းချင်း ဆက်သွယ်ဆက်ဆံမှု တိုးတက်ဖြစ်ထွန်းကာ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု သံယောဇဉ်နှောင်ကြိုးများလည်း ပိုမိုတိုးပွားခိုင်မြဲစွာ ဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

အစဉ်ထာဝရဖြစ်တည်

သို့မှသာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုတိုးတက်ခိုင်မာပြီး ပြည်ထောင်စု စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ဖြင့် ချည်နှောင်ထားသည့် ခိုင်မြဲသော ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရဖြစ်တည်နေမှာ ဖြစ်ကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုင်နဲ့သည်နှင့်တစ်ပြိုင်နက် တိုင်းတစ်ပါး၏ သွေးခွဲသပ်လျှိုမှုများ ဝင်ရောက်လာပြီး ပြည်ထောင်စုကြီး ပြိုကွဲမည့် အန္တရာယ်နှင့် ကြုံတွေ့နိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု အစဉ်ထာဝရဖြစ်ထွန်းနေစေရေးတို့ကို အာမခံနိုင်မည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို နိုင်ငံတော်အစိုးရက ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိနေပြီဖြစ်ကြောင်း။

ပြင်ဆင်မှုများပြုလုပ်နေ

မကြာမီသောကာလတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်အဖြစ် ဆောင်ရွက်ရမည့် အမျိုးသားညီလာခံကြီး ကျင်းပနိုင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေကြပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ မှန်မြတ်မြင့်မားသော ရည်မှန်းချက်များအောင်မြင်ဖြစ်ထွန်းမှသာလျှင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာနိုင်မည်ဆိုသည်ကို နားလည်ပြီး ပြည်သူများအားလုံးက နိုင်ငံတော်အစိုးရ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ စီးပွားရေး၊ လူမှုရေးဘဝမြင့်မားရေးကြိုးပမ်းဆောင်ရွက်မှုများတွင် တက်ကြွညီညွတ်စွာ ပူးပေါင်းပါဝင်ကြဖို့လိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူများ အားလုံးက မိမိတို့၏ဆောင်ရွက်ဖွယ်တာဝန်များဖြစ်သော မိမိတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး တိုင်းပြည်၏စီးပွားရေးဘဝတောင့်တင်းခိုင်မာစေရအောင် စက်မှုအခြေခံသော လယ်ယာစိုက်ပျိုးရေး စနစ်မှသည် စက်မှုဖွံ့ဖြိုးသော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရအောင်၊ စည်းလုံးညီညွတ်သော ပြည်ထောင်စုကြီးအဖြစ် အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရအောင် ဥမကွဲသိုက်မပျက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကွတ်ခိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း အတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ ကွန်ပျူတာတစ်စုံတို့ကို မြို့နယ် ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့အားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ရေကန်တောင်သို့ရောက်ရှိကြရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လားရှိုးမြို့အတွင်းသို့ ရေကန် ၁၂ ကန်မှ ရေပေးဝေခြင်း၊ မြို့စမ်းရေထွက်မှ ရေပေးဝေခြင်းနှင့် ဟူးမွန်ဆည်မှ ရေပေးဝေခြင်း နည်းလမ်းသုံးမျိုးဖြင့် ဆောင်ရွက်နေမှု၊ မြို့လူထုသောက်သုံးရေ ဖူလုံစေရန် ကန်သစ်ခြောက်ကန် ထပ်မံတူးဖော်နေမှု၊ အဝီစိတွင်းများ တူးဖော်နေမှု အပါအဝင် မြို့လူထု ရေပိုမိုအသုံးပြုနိုင်ရန် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကိုလည်းကောင်း၊ ရေကန်တောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များမှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ မတ် ၁၉ ရက်က ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ် လွယ်ခန်းကျေးရွာအနီး နမ့်ဟူးမွန် (ကောင်းခါး) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အရိပ်ရပင်စိုက်ပျိုး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရေကန်တောင် စိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရပင်များ၊ အလှပန်းပင်များ စိုက်ပျိုးကြသည်။

ထို့အတူ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများကလည်း အရိပ်ရပင်များနှင့် အလှပန်းပင်များကို စုပေါင်းပါဝင်စိုက်ပျိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ရေကန်တောင်ပေါ်ရှိ တိလောက မဟာဝိဇယ ဆုတောင်းပြည့်စေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကြည်ညိုကြသည်။

ပူဇော်ကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်အတွက် အလှူငွေပေးအပ်လှူဒါန်းပြီး ဂန္ဓကုဋိတိုက်အတွင်း ဗုဒ္ဓရုပ်ပွားတော်များကို လက်ယာရစ် လှည့်လည်ပူဇော်ကြည်ညိုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ရွှေလီရိပ်သာသို့ ရောက်ရှိရပ်နားကြသည်။

အသေးစိတ်မှာကြား

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်အောင်သည် မတ် ၁၉ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူးရုံး၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဝန်ထမ်း အင်အား ၇၀ အား တွေ့ဆုံပြီး နိုင်ငံတော်ရည်မှန်းချက်တာဝန်(၁၂)ရပ်အား မိမိကျရာအခန်းကဏ္ဍမှ ကျေပွန်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဌာနဆိုင်ရာ လုပ်ငန်းများ၊ ရည်မှန်းချက်တာဝန်များအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စများကို အသေးစိတ်ရှင်းလင်းဆွေးနွေး မှာကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ ပြည်နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများတက်ရောက်ခဲ့ပြီး ပြည်နယ်ဦးစီးဌာနမှူး ဦးထွန်းထွန်းစိုးက ဌာနဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံတော်အခွန်ငွေရရှိမှုအခြေအနေများ ရှင်းလင်းတင်ပြပြီး ပြည်နယ်ရုံး၌ ကွန်ပျူတာများ တပ်ဆင်အသုံးပြုနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၁-၃-၂၀၀၄
(တနင်္လာနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၀ ၆။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၁၀ ၇။ အဆိုပြိုင်ပွဲ
၈း၂၀ ၈။ ဆင်ဖြူရှင်တံတား
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Say it in English

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
– ၂၀၀၂ခုနှစ် (၅၇)နှစ်မြောက် တပ်မတော်နေ့ (တော်လှန်ရေးနေ့) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
၁၁း၁၀ ၂။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၂၆)
၁၂း၁၅ ၅။ ပုလင်းရေလှောင်တမံ
၁၂း၂၀ ၆။ ရုပ်မြင်သံကြားဇာတ်လမ်း **"စစ်သွေးသစ္စာ"** (ညွှန့်ဝင်း၊ လူမင်း၊ မင်းဟိဏ်း၊ ချိုပြုံး၊စိုးမြတ်နန္ဒာ၊အိန္ဒြာကျော်ဇင်) ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်)
၁၄း၄၅ ၇။ International News
၁၅း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
– ၂၀၀၂ခုနှစ် (၅၇)နှစ်မြောက် တပ်မတော်နေ့ (တော်လှန်ရေး နေ့) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ English for Everyday Use.
၁၆း၄၀ ၄။ တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၃ခုနှစ်)
၁၆း၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒ၊ရုက္ခဗေဒ အထူးပြုများ) (သတ္တဗေဒ)
၁၇း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၂၅ ၇။ တေးဂီတအစီအစဉ်
၁၇း၃၅ ၈။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၇း၄၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈း၃၀ ၁၀။ ညနေခင်းသတင်း
၁၉း၀၀ ၁၁။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၂။ အမ်အေအိုင်ခရီးစဉ်သစ် (ရန်ကုန်-နယူးဒေလီ) တိုးချဲ့ပျံသန်းပြီ
၁၉း၁၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း-၂၉)
၁၉း၄၀ ၁၄။ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၅၀ ၁၅။ ၂၀၀၂ခုနှစ် (၅၇)နှစ်မြောက် တပ်မတော်နေ့ (တော်လှန်ရေးနေ့) ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မိန့်ကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်
– "ပြည်သူ့အတွက် တပ်မတော်"
– "ပြည်ထောင်စု ဖွံ့ဖြိုးတိုးတက်တပ်မတော်အစိုးရလက်ထက်"
– "ဘယ်သူတွေ ဘာပြောပြော" (မောကိန္နရီအဖွဲ့)
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ ရုပ်မြင်သံကြားဇာတ်လမ်း **"သူ့ရဲကောင်းတို့ မွေ့လျော်ရာ"** (သျှားညို၊ မင်းသူ၊ ဇာနည်၊ မြသဥ္စာလီ၊ခိုင်နှင်းဝေ၊ ဆုပန်ထွာ) (ဒါရိုက်တာ-သက်တင်)

▼ *ကျောဖုံးမှ*

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နှင့် ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရွှေပေါက်ကံစက်ရုံစုခန်းမ ဆောင်သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဦးစီးအရာရှိ(ပထမတန်း)ဒုတိယဗိုလ်မှူးကြီးအောင်ကြီးက ရွှေပေါက်ကံမြို့သစ်၌ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် စက်ရုံများ၏ တည်နေရာ၊ အကျယ်အဝန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှု၊ စက်ရုံထွက် ကုန်ချောပစ္စည်းအမျိုးအစားများနှင့် ဈေးကွက်ရောင်းချနိုင်မှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် စက်ရုံ၊ အလုပ်ရုံများအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် မြောက်ဥက္ကလာပစက်မှုဇုန်ရှိ ကွန်ကရစ်အုတ်စက်ရုံများမှ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

ဈေးကွက်သို့ဖြန့်ချိ

ထို့နောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ စက်ရုံများသည် မသန်စွမ်းစစ်သည်များ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိရေး၊ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ သက်သာချောင်ချိရေး ပိုမိုဆောင်ရွက်ပေးနိုင်ရေးနှင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားရေးတွင် အထောက်အကူပြုရေး ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေသည်နှင့်အညီ တာဝန်ရှိသူများက စက်ရုံများအလိုက် အရည်အသွေးမီ ကုန်ချောပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်လုပ်သွားရေးနှင့် ဈေးကွက်သို့ တွင်ကျယ်စွာ ဖြန့်ချိနိုင်ရေးတို့အတွက် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ရွှေပေါက်ကံစက်မှုဇုန်ရှိ သံဆူးကြိုး၊ သံဆန်ခါစက်ရုံ၊ ပလတ်စတစ်ပစ္စည်း စက်ရုံ၊ ပါဝါသောက်ရေသန့်စက်ရုံ၊ သစ်အချော(T)စက်ရုံ၊ ပရိဘောဂ အချောထည်စက်ရုံနှင့် မြောက်ဥက္ကလာပစက်မှုဇုန်ရှိ ကွန်ကရစ် အုတ်စက်ရုံများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်တို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားပြီး ကွန်ကရစ်အုတ်စက်ရုံမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၁-၃-၂၀၀၄

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **"ပဋိဂ္ဂဂိကမဂ်နှင့် အဋ္ဌဂိကမဂ်"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Micro Business (အိမ်တွင်းစီးပွား)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငြိမ်းချမ်းရေးနှင်းဆီ"** (အပိုင်း-၁) (သရုပ်ဆောင်-မင်းမော်ကွန်း၊ နေထက်လင်း၊ ဘုန်းနိုင်၊ ပန်းဖြူ၊ ထွန်းအိန္ဒြာဗို၊ ခင်မီမီဇော်) **ဒါရိုက်တာ**-ပေါက်(ပန်းသာ)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သစ္စာမဏ္ဍိုင်"**(အပိုင်း-၂၄)
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ အပိတ်နှုတ်ဆက်စကား
၂၀။ ပြီးပါပြီ။

❒ *(၄၁)ကြိမ်မြောက်မှ*

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ပဉ္စမနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ ကျောက်မျက်အတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာ ညနေ ၅ နာရီအထိ ကျောက်မျက်အတွဲပေါင်း ၅၀ တွဲကို တန်ဖိုးယူရိုငွေ ၇၇၆၉၈၅၈ ဖြင့် ရတနာကုန်သည်များက အပြိုင်အဆိုင် ဝယ်ယူသွားကြသည်။

(၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲ စုစုပေါင်း ၅၀၃ တွဲကို တန်ဖိုးယူရိုငွေ ၁၀၄၇၃၄၃၄ ဖြင့် လည်းကောင်း၊ ကျောက်မျက်အတွဲ စုစုပေါင်း ၅၀ တွဲကို တန်ဖိုး ယူရိုငွေ ၇၇၆၉၈၅၈ ဖြင့်လည်းကောင်း ရောင်းချရသည်။ ရတနာပြပွဲ ငါးရက်ပေါင်း ရောင်းချရသော ငွေစုစုပေါင်းမှာ တန်ဖိုး ယူရိုငွေ ၁၈၂၄၃၂၉၂ ဖြစ်သည်။

မတ် ၂၁ ရက်တွင် ပုလဲအတွဲများကို တင်ဒါစနစ်/ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

ဆက်၍ချီပါ တပ်မတော်

★ အရေးကြုံသော်
သက်လုံကောင်းမြဲ၊ လုံ့လဇွဲယှဉ်
မလဲမယိုင်၊ ကြံ့ကြံ့ခိုင်လျက်
အောင်နိုင်သည့်ပန်း၊ မလွတ်တမ်းလျှင်
ဆွတ်လှမ်းသည်လည်း တပ်မတော်။

★ အရေးကြီးသော်
သွေးနီးပေါင်းဆုံ၊ လက်တွဲကုန်ဟု
စုန်ဆန်မြေနှံ့၊ စည်းလုံးအံ့ဟု
တပ်လှန့်ဆော်နှိုး၊ ပြည့်အကျိုးကို
သယ်ပိုးသည်လည်း တပ်မတော်။

★ အရေးမြင်သော်
တွေးထင်ပေါင်းစပ်၊ အထပ်ထပ်ပင်
သုံးသပ်စေ့ငု၊ ဆင်ခြင်ရှု၍
ပြည်သူ့အိုးအိမ်၊ စည်းစိမ်အသက်
ယွင်းပျက်မရှိ၊ တည်ငြိမ်ဘိအောင်
သတိကြီးစွာ၊ စောင့်ရှောက်ပါလျက်
ကာကွယ်သည်လည်း တပ်မတော်။

★ ပြည်သူ့အရေး၊ တို့အရေးဟု
ပြည်သူ့အတွေး၊ တို့အတွေးဟု
လေးမြတ်တော်ဖြောင့်၊ သစ္စာစောင့်ခဲ့
စိုးနှောင့် ပူပွေ၊ မတွေ့ဝေဘဲ
နွေနွေ မိုးမိုး၊ နေလေငြိုးလည်း
ကိုယ်ကျိုးမငဲ့၊ ချီတက်ခဲ့သည့်
ငါးဆယ့်ကိုးနှစ်၊ တိုင်ပြီဖြစ်လည်း
နုမျစ်ရွှင်လန်း၊ လျှောက်သောလမ်းဝယ်
ပင်ပန်းအတူ၊ နွမ်းအတူပင်
ပြည်သူအများ၊ ကြည်ဖြူအားဖြင့်
လေးစားချစ်မြတ်၊ ကျောချင်းကပ်လျက်
ဝန်းပတ်ရန်စ၊ ချုပ်ငြိမ်းရအောင်
လုံ့လ မာန် ဇွဲ၊ ဆယ်ပြန်ကဲ၍
ရဲရဲရက်ရက်၊ တွဲသောလက်ဖြင့်
မက်မက်မွေ့မွေ့၊ ခရီးရှေ့ကို
ဆက်၍ချီပါ တပ်မတော်။
ပြည်သူဂုဏ်ပြုလျက်ပါသော်။ ။

ခွန်ရဲသွေး(အေးသာယာ)

အုတ်မြစ်တော်စီ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များ ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာ နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီးအတွက် ပထမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် အုတ်မြစ်တော်စီပေးစဉ်။ (သတင်းစဉ်)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး၊

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး၊

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

လယ်တီစံသာသနာ့ရိပ်သာနှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီးအတွက်အလှူငွေပေးအပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ကြည်ညို၊ ရတနာရွှေကြုတ်တော်မြှုပ်နှံပေး

ရန်ကုန် မတ် ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာ နှစ်ထပ် မဂ္ဂင်ကျောင်းတော်ကြီးအတွက် ပထမ အကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲနှင့် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ယနေ့နံနက်စနာရီခွဲတွင် အဆိုပါ လယ်တီစံသာသနာ့ရိပ်သာ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် ကြည်ညို၍ အလှူငွေများ လက်ခံကာ ရတနာရွှေကြုတ်တော်ကို မြှုပ်နှံပေးသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူး အဖြစ် ဆောင်ရွက်ပြီး ရှေးဦးစွာ နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို အဆိုပါလယ်တီစံ သာသနာ့ရိပ်သာ မြစိမ်းရောင်ဘောဇနဆောင်၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရကေါးပါးသီလချီးမြှင့်တော်မူသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော် သံဃာတော်များကမေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီး အုတ်မြစ်တော်စီမည့် ရတနာရွှေကြုတ်ကို လည်းကောင်း၊ ဝန်ကြီး၊ မြို့တော်ဝန်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်တို့အမှူးပြုသော တပ်မတော်အရာရှိကြီးများက နဝရတ်ကိုးပါးအုတ်မြစ်တော်တို့ကို လည်းကောင်း အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေများပေးအပ်

ဆက်လက်၍ အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မတည်အလှူရှင် ဗိုလ်မှူးကြီးသိန်းထွန်း(ရေ)(အငြိမ်းစား)-ဗိုလ်မှူး ဒေါ်မြအေး(ရေ)(အငြိမ်းစား)မိသားစု ခြံအမှတ် ၁၃၇ သံလွင်လမ်း၏ အလှူတော်ငွေကျပ်သိန်း ၁၅၀၊ မတည်အလှူရှင် ပုဇွန်တောင်မြို့နယ် မဟာဗန္ဓုလလမ်း အမှတ် ၁၀၄/၁၀၆ နေ ကွယ်လွန်သူ ဦးဆူးဘားနှင့်ဘိဒူဆူးဘားတို့အား ရည်စူး၍ဒေါ်မာယာဆူးဘားမိသားစု၊ ဒေါ်အင်ဒရာဆူးဘားမိသားစု၊ ဦးဂျင်မီဆူးဘားမိသားစု၊ ဦးရစ်ကစ်ဆူးဘားမိသားစု၊ ဒေါ်ဒူရာဆူးဘားမိသားစု၊ ဒေါ်ရီးမားဆူးဘားမိသားစုနှင့် ဒေါ်ရဒူဆူးဘားမိသားစုတို့၏ အလှူတော်ငွေ ကျပ်သိန်း၁၀၀၊ ရောဝတီ ရေတပ်စခန်းဌာနချုပ်မိသားစု၏ အလှူတော်ငွေကျပ် ၁၀၀၀၀၀၊ မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၈ လမ်း အမှတ် ၁၅၉ နေ ဒေါ်မိမိခင်မိသားစု၊ တာမွေမြို့နယ် မအူကုန်းလမ်း ၁၄၀ အမှတ် ၄၃ နေ ဒေါက်တာ ဦးသက်တင် (မဟာမြိုင်)-ဒေါ်စီစီတင် (ဟိုတယ်/ခရီး-ငြိမ်း)သားဦးကျော်သူစံ(ပီနောင်တိုင်းကုမ္ပဏီ)-ဒေါ်ဆုသက်တင်၊ သား ဘိုဘိုသီဟ (ခေတ္တဂျပန်) မိသားစုနှင့်သင်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန် အောင်မြေရတနာရိပ်သုမင်္ဂလာလမ်း အမှတ် ၄၀ နေ ဗိုလ်မှူးမျိုးအောင်(ရေ) (ငြိမ်း)-ဒေါ်ရတနာ(မြန်မာ့အသံ-ငြိမ်း)သားဖွဲ့ဇာနည်၊သမီးသီရိလဝ္စာမိသားစု တို့က လှူဒါန်းသော ငွေကျပ် ၁၅ သိန်းစီနှင့် ကျောက်တံတားမြို့နယ် ၃၈ လမ်း အမှတ် ၁၅၉ နေ ဦးသုတ (အင်ဂျင်နီယာမှူးကြီး)-ဒေါက်တာ သီတာဦး(သမားတော်)သမီးသန္တာ မိုးသိမ့်အလိမ္မာ မိသားစုတို့၏ လှူဒါန်းငွေကျပ် ၁၀ သိန်းတို့ကို လက်ခံယူသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်တို့က အလှူရှင် အသီးသီးတို့၏ လှူဒါန်းငွေများကို လက်ခံယူကြရာ ယနေ့ကျင်းပသော ပထမအကြိမ် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၆၉ ဦးတို့က လှူဒါန်းငွေကျပ် ၅၂၁ သိန်းကို ပေးလှူကြခြင်းဖြစ်သည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရက အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်များက ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် နှစ်ထပ်မဂ္ဂင် ကျောင်းတော်ကြီး အုတ်မြစ်စီ မင်္ဂလာ အခမ်းအနားကို အဆိုပါ ကျောင်းတော်ကြီး တည်ဆောက်မည့် နေရာ၌ ဆက်လက်ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိမြို့နယ်များမှ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌများက အုတ်မြစ်တော်စီမည့် ရတနာရွှေကြုတ်တော်၊ နဝရတ်ကိုးပါးအုတ်များကို မြစိမ်းရောင် ဘောဇနဆောင်မှ သယ်ဆောင်ကြပြီး တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်၊ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်တို့ အမှူးပြုသော တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း သာသနာရေးဦးစီးဌာနမှူး ဦးစံသင်းလှိုင်က နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီးရတနာအုတ်မြစ်စီမင်္ဂလာကမ္ပည်းမော်ကွန်းစာကို ဖတ်ကြားသည်။

ရတနာရွှေကြုတ်မြှုပ်နှံ

ယင်းနောက် မင်္ဂလာအခါတော်ကြားလျှင်ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက အုတ်မြစ်တော်အလယ်ဗဟို၌ ရတနာရွှေကြုတ်ကို မြှုပ်နှံပေးပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ တပ်မတော် မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိုးဝင်းနှင့်တပ်မတော်အရာရှိများ၊ ဌာနဆိုင်ရာ အကြီးအကဲများက နဝရတ်ကိုးပါးအုတ်မြစ်တော်များကို သတ်မှတ်နေရာအသီးသီး၌ ထည့်သွင်းပေးကြကာ ကမ္ပည်းကျောက်စာကို တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အုတ်မြစ်တော်ပေါ်၌ ချထားပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အုတ်မြစ်တော်များကို နံ့သာရည်ပက်ဖျန်းပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရွှေမိုးငွေမိုး ရွာသွန်းပေးသည်။

အဆိုပါ မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာ နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီး ခံ့ညားထည်ဝါစွာတည်ဆောက်ပြီးစီးရေးအတွက် ကုသိုလ်တော်ပါဝင် လှူဒါန်းလိုပါက အဆိုပါ လယ်တီစံသာသနာ့ရိပ်သာ၌ အလှူခံဌာနဖွင့်လှစ်ထားရှိရာ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြကြောင်းသိရသည်။ **(သတင်းစဉ်)**



ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံ သာသနာ့ရိပ်သာ နှစ်ထပ်မဂ္ဂင်ကျောင်းတော်ကြီး ပုံစံကားချပ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အိုင်ဒီယာမဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် မတ် ၂၀

နှစ်ဆယ့်တစ်ရာစု ခေတ်လူငယ်များ၏ ဘဝ၊ ဒဿန၊ အလှများကို ပုံရိပ်ဖော်ထင်ဟပ်ထားသော ဖေမြင့်၏ အဖေအမည်ကို ပြန်ရွေးယူခဲ့သူ၊ တာရာမင်းဝေ၏ ဆိုကရေးတီးအရိပ်၊ ရူပါသိန်း၏ ပြုံးတတ်မှ လှမယ်၊ ဇေရက်၏ လျှပ်တစ်ပြက်ကြယ်ပွင့်သစ်မိတ်ဆက်တို့ အပါအဝင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ကာတွန်း၊ ဖက်ရှင်၊ နိုင်ငံတကာအနုပညာရသများဖြင့် ၂၀၀၄ခုနှစ် ဧပြီလထုတ် အိုင်ဒီယာမဂ္ဂဇင်းကို အမှတ် ၁၂၇ (မြေညီထပ်) ၄၃လမ်း ရန်ကုန်မြို့က ဖြန့်ချီထားကြောင်းသိရသည်။ **(က-ပ)**

နက္ခတ်ပညာအခြေခံနှင့်အဆင့်မြင့် ပညာဒါနသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံနက္ခတ်ပညာရှင်များအဖွဲ့ ၏ အခြေခံနှင့် အဆင့်မြင့်ပညာဒါန ပုံမှန် သုံးလသင်တန်းဆင်းပွဲကို ယနေ့တွင် လှိုင်တက္ကသိုလ်နယ်မြေ MICT Park၌ ကျင်းပရာ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် မြန်မာနိုင်ငံ နက္ခတ်ပညာရှင်များအဖွဲ့၏ နာယကဆရာကြီးများ၊ သင်တန်းသူ သင်တန်းသားများ တက်ရောက်သည်။

ယင်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များဖြစ်သော မေလဆန်းတွင် ၁၅ ရက် အမြန်သင်တန်းနှင့် ဇူလိုင်လတွင် ပုံမှန် သုံးလသင်တန်းများ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်းကို အတွင်းရေးမှူး ဒေါ်ကြည်ကြည်စိန်က သင်တန်းဆင်းအမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ဌာနမှူးဆရာဦးထွန်းလင်းက လက်တွေ့သင်ယူလိုသူ အဆင့်မြင့်သင်တန်းနှင့် ဒီပလိုမာသင်တန်းများ တက်ရောက်လိုသူများအတွက် ဆက်သွယ်နိုင်ကြောင်း ပြောကြားပြီး သင်တန်းဆင်းလက်မှတ်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Myanmar CP Co., Ltd.

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်
Myanmar CP, Inter Club
Tennis Tournament

၂၇-၃-၂၀၀၄မှ ၂-၄-၂၀၀၄ထိ သိမ်ဖြူတင်းနစ်ကွင်း

Myanmar CP Inter Club Tennis Tournament တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ Myanmar CP Co.,Ltd. ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် Myanmar CP Inter Club Tennis Tournament တင်းနစ်ပြိုင်ပွဲကို မတ် ၂၇ ရက်မှ ဧပြီ ၂ ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ (က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် လက်ရွေးစင်များနှင့် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမားများသာပါဝင်ရန်၊ (ခ)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းအဆင့်မဟုတ်သူများ၊ အသက်(၄၅)နှစ်အထက် ပြည်နယ်နှင့်တိုင်း လက်ရွေးစင်ဟောင်းများ တစ်သင်းလျှင်တစ်ဦးသာပါဝင်ခွင့်ရှိသည်။ အသက် (၅၀)အထက် အမျိုးသားလက်ရွေးစင်ဟောင်းများနှင့် ပြည်နယ်နှင့်တိုင်းလက်ရွေးစင်ဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိကြောင်းနှင့် အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတို့ဖြစ်သည်။

ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်လိုသူများသည် မတ် ၂၄ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း- ၃၇၂၃၆၀၊၃၈၁၉၉၁၊ Fax No.၃၈၁၉၉၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စာရေးဆရာကြီး လှမြင့်ဆွေ(စစ်ကိုင်း)၏ **“တပ်မတော်သားဂုဏ်ရည်”** စစ်မှတ်တမ်းစာအုပ်ကြီးကို တတိယအကြိမ်မြောက် ခမ်းနားဝေဆာစွာဖြင့် ထုတ်ဝေ။

စွန့်လွှတ်စွန့်စား
ပြည်ချစ်သားများ၏
တပ်မတော်သားဂုဏ်ရည်
စာအုပ်

☆ မြဝတီစာပေတိုက်၊
☆ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊
☆ ပညာအလင်းပြ စာအုပ်ဆိုင်၊
☆ ပန်းရွှေပြည် စာအုပ်ဆိုင်တို့မှ တစ်ပြည်လုံးသို့

ဖြန့်ချိမည်

တစ်ခဲနက် ဝယ်ယူအားပေးကြသော စာဖတ်ပရိသတ်အပေါင်းအား လှိုက်လှဲစွာဖြင့် ကျေးဇူးတင်ရှိပါသည်။

စာအုပ်ဈေးပွဲတော်လေ့လာဝယ်သူများဖြင့်စည်ကား

ရန်ကုန် မတ် ၂၀

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်ကကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း (အထက်) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ယခင်ရုံးချုပ်) အဆောက်အအုံ၌ ဆက်လက်ဖွင့်လှစ်ရောင်းချသည်။

စာအုပ်ဈေးပွဲတော်သို့ ဌာနဆိုင်ရာများ၊ ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ၄၀၀၀ ခန့် လာရောက်လေ့လာဝယ်ယူအားပေးကြရာ ယနေ့တွင် ငွေကျပ် ၆၅၀၀၀ ကျော်ဖိုး ရောင်းချရသည်။

စာအုပ်ဈေးပွဲတော်ကို မတ် ၂၈ ရက်အထိ ပိတ်ရက်မရှိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်(ယဉ်ကျေးမှုအဖွဲ့) မြန်မာ့ယဉ်ကျေးမှုအက သရုပ်ပြဟောပြောပွဲကျင်းပ

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ယဉ်ကျေးမှုအဖွဲ့)က ကြီးမှူးကျင်းပသော မြန်မာ့ယဉ်ကျေးမှုအက သရုပ်ပြ ဟောပြောပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးသက်နှင့် ဒေါ်သန်းသန်းနွဲ့၊ အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်(ယဉ်ကျေးမှုအဖွဲ့)မှ အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဒေါ်ခင်နုက ယဉ်ကျေးလှပ မြန်မာအက ခေါင်းစဉ်ဖြင့် ဟောပြောပြီး အနုပညာရှင် ဆိုဗီယက်ပြန် အကယ်ဒမီ ဒေါ်နွဲ့နွဲ့စန်းက အကဖြင့်သရုပ်ပြ တင်ဆက်ကပြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ပါမောက္ခ ဒေါ်ခင်နု၊ အနုပညာရှင် ဆိုဗီယက်ပြန် ဒေါ်နွဲ့နွဲ့စန်းနှင့် တီးဝိုင်းအဖွဲ့ခေါင်းဆောင် ဦးခင်မောင်တင်တို့အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အောင်တော်မူ မူလတန်းလွန်ကျောင်းအာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၀

မော်လမြိုင်မြို့ အောင်တော်မူ မူလတန်းလွန်ကျောင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့်အာစရိယပူဇော်ပွဲကို ဧပြီ ၁၀ ရက်တွင် အောင်တော်မူ မူလတန်းလွန်ကျောင်း ကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့် ဖုန်း-၀၅၇-၂၃၃၉၊ ဒေါ်သန်းကြွယ် ဖုန်း-၀၁-၂၂၇၁၅၉ နှင့် ဒေါ်လှဲလှဲစိုး ဖုန်း-၀၅၇-၂၄၂၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး အောင်တော်မူ အမက ဆရာ ဆရာမဟောင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

မီးကြွင်းမီးကျန် မရှိရန်
ကျင့်ကြံသတိ အမြဲရှိ

D.J & LIVE MUSIC ENTERTAINMENT
for 2004 Water Festival

(DV 8 / SPANKY) ENTERTAINMENT ... BUDGET ...

ဆက်သွယ်ရန်
DJ Phyo - 09-80-21208, Myo Myo-09-80-21146
Spanky (Asia Plaza) 01- 254424 Ext. 625

GUNKUL ENGINEERING SUPPLY CO., LTD.
(for local service only)

GUNKUL ENGINEERING is a leading Engineering firm specializing in the field of Electrical Power, Ventilation & Airconditioning, Industrial Boiler and Water Treatment.
We are looking for experience professional with the creative, global thinking, pro-active and self motivated candidates in the management for the following position:

1. Sales Engineer/ Manager (M/F) - (2) post

Qualification and Experience:
- Master or Bachelor's Degree in Engineering preferred
- 3 –5 years working experiences in related field would be preferable
- Good command of spoken and written English and able to operate PC
- Good leadership and management skill. A copy of labour Registration.

Please send CV together with the required documents and recent photo by mail to:
HR Department, No. 4 (C&D), Yuzana St., Aye Yeik Mon Housing, Hlaing Township, Yangon within (10) days after this announcement. Ph. 682901 (3 lines)
E-mail: contact@gkmyanmar.com.mm

ပွင့်ကြစုံညီ မွေးပျို့သည်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ရက်တွင် အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ပါသည်-

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(ခ) အမျိုးသမီးများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊

(င) အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(စ) အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးမှုလျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊

(ဆ) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီသို့ ချပေးသော အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးဆိုင်ရာမူဝါဒများနှင့် စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးများညီလာခံက သတ်မှတ်ထားသော ကဏ္ဍများကို အခြေခံ၍ လုပ်ငန်းကြီး ၁၆ရပ်ကို ဦးတည်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းတို့မှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ ယဉ်ကျေးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပြန်ကြား/ဆက် သွယ်ရေး၊ အမျိုးသမီးငယ်ရွယ်ကဏ္ဍ၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး၊ ဥပဒေများ ပြန်လည်စိစစ်အကြံပြုရေး၊ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး၊ စည်းရုံးရေး၊ တိုင်းရင်းသားရေးရာလုပ်ငန်း၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေးနှင့်စီမံရေးတို့ ဖြစ်ကြသည်။

အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ရက်တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ရာမှ လုပ်ငန်းများ ပိုမိုကျယ်ပြန့်နက်ရှိုင်းထိရောက်စွာ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို နိုင်ငံတော်က တိုးမြှင့်ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သည်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသားရေးကြိုးပမ်းဆောင်ရွက်မှုတိုင်းတွင် ထိုက်တန်သည့်နေရာက အမြဲရှပ်ရှပ်ချွံချွံ ပါဝင်ကြိုးပမ်းစွမ်းဆောင်ခဲ့ကြသော မြန်မာအမျိုးသမီးထုကြီး၏ စိတ်ဓာတ်စွမ်းပကားနှင့် အစဉ်အလာကောင်းများကို နိုင်ငံတော်အစိုးရက တန်ဖိုးထား အလေးအမြတ်ပြုပြီး အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာစေရေး၊ နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် ထိုက်တန်သည့်အခန်းကဏ္ဍက ပါဝင်စွမ်းဆောင်နိုင်ရေးတို့အတွက် အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို စနစ်တကျ ဖွဲ့စည်းပေးခဲ့သည်မှာ ထင်ရှားပေါ်လွင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတွင် လူဦးရေ ၅၂သန်းကျော်ခန့်ရှိရာ အမျိုးသမီးများသည် နိုင်ငံလူဦးရေ၏ထက်ဝက်ကျော် ပါဝင်ပြီး အရွယ်ရောက်လုပ်ရှားနိုင်သည့်ပမာဏသည် ၁၅သန်းခန့်ရှိသည်။ အလွန်ကြီးမားကျယ်ပြန့်သော

မောင်ဒဂုံ

အမျိုးသားရေး အရင်းအမြစ်ကြီးတစ်ရပ်ဖြစ်သည်နှင့်အညီ ယင်းအင်အားစုကြီးတစုတစည်းတည်း ကျစ်လျစ်ခိုင်မာနေရန် လိုအပ်သည်။ ထို့အပြင် သမိုင်းအစဉ်အဆက်၌ စွမ်းရည်ထက်မြက်ပြီး အမျိုးသားရေးအကျိုးစီးပွားကို အမြဲဦးထိပ်ထားခဲ့သော စွမ်းအားစုကြီးလည်းဖြစ်သောကြောင့် ဤစွမ်းအားစု ကြီးကို ပိုမိုတောင့်တင်းအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အဆိုပါ တန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံ့စွမ်းအားစုကြီးကို အမျိုးသမီးများကိုယ်တိုင် စနစ်တကျ တာဝန်ခွဲဝေဦးဆောင်မှုပေးနိုင်ရေးအတွက်လည်း အောက်ပါအမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်ကို ဖွဲ့စည်းထားသည်-

(က) ဗဟိုအမျိုးသမီးရေးရာအဖွဲ့

(ခ) ပြည်နယ်၊တိုင်း၊ ပြည်နယ်ခွဲ၊ တိုင်းခွဲအမျိုးသမီးရေးရာအဖွဲ့

(ဂ) ခရိုင်အမျိုးသမီးရေးရာအဖွဲ့

(ဃ) မြို့နယ်အမျိုးသမီးရေးရာအဖွဲ့

(င) ရပ်ကွက်၊ ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးကဏ္ဍဆိုင်ရာ အမျိုးသားရေးလုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမျိုးသားရေးအကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှုသည့်အခြေခံမူများဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိအမျိုးသားရေးသက်သက်ကိုသာ ဆောင်ရွက်မည်ဆိုသည့် **"အမျိုးသားရေးဆိုင်ရာ အခြေခံမှု"**၊ ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်မည်ဆိုသည့် **"တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမှု"**၊ ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဆိုသည့် **"လူမှုရေးဆိုင်ရာအခြေခံမှု"** အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရေးနှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် **"အမျိုးသမီးရေးရာအခြေခံမှု"**များနှင့်အညီ ကြိုးပမ်းသွားမည်ဖြစ်သည်။

မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားကို လိုလားသော မြန်မာအမျိုးသမီးတိုင်း ပါဝင်ပြီး အမျိုးသားရေးသက်သက်ကိုသာ ကြိုးပမ်းဆောင်ရွက်နိုင်မည့် အခြေခံကောင်းများနှင့် ပြည့်ဝသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မျှော်မှန်းချက်နှင့်အညီ ပီပြင်ခိုင်မာစွာ ဖွဲ့စည်းဖြစ်ပေါ်လာစေရန် တက်ညီလက်ညီ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထို့အပြင် မြန်မာအမျိုးသမီးများနှင့်ပတ်သက်၍ အမျိုးသမီးကဏ္ဍဆိုင်ရာ အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ အသင်းများ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ တစ်ခုနှင့်တစ်ခု တူညီမှုမရှိသည်ကိုလည်း ခွဲခြားသိမြင်ရန်လိုအပ်သည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံတော်၏မူဝါဒများ၊ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အမျိုးသမီးကဏ္ဍဆိုင်ရာ အမြင့်ဆုံးအဖွဲ့အစည်းဖြစ်သည်။ သို့ဖြစ်၍လည်း အသင်းဝင်တိုင်းအနေဖြင့် မေတ္တာ၊ ကရုဏာ၊ စေတနာရှေ့ထားပြီး အမျိုးသမီးကဏ္ဍဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကလည်း ၂၀၀၄ ခုနှစ် မတ်လ ၁ရက်က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပြည်နယ်နှင့်တိုင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကျင်းပရေးဆိုင်ရာ လမ်းညွှန်မှုခံယူပွဲအခမ်းအနားတွင် **"မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် ပထမသက်တမ်းကာလအစဖြစ်သည့်နှင့်အညီ အဖွဲ့ချုပ်၏လုပ်ငန်းများ စနစ်ကျနမှန်ကန်ရန် လွန်စွာအရေးကြီးကြောင်း၊ အဖွဲ့ချုပ်ကို ဦးဆောင်ဦးရွက်ပြုသူများ၏ မှန်ကန်သော စည်းရုံးဦးဆောင်မှု၊ စနစ်ကျနသောလုပ်ငန်းဆောင်ရွက်မှုများ၊ ပီပြင်သော ပညာပေးကြီးကြပ်မှုများအပြင် ပုဂ္ဂိုလ်ရေးအားဖြင့် အကျင့်စာရိတ္တမြင့်မားခိုင်ကျည်မှု၊ ကိုယ်ကျိုးစွန့်လွှတ်မှု၊ မိမိအဖွဲ့အစည်းအပေါ် စေတနာကောင်းထားရှိမှု စသည့်ကဏ္ဍအားလုံးတွင် စံနမူနာပြဖြစ်နေရန်လိုအပ်ကြောင်း"** လမ်းညွှန်မှုပေးခဲ့သည်ကိုလည်း တွေ့ရှိရသည်။

မြန်မာအမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက စနစ်တကျ အားပေးစီမံဆောင်ရွက်လျက်ရှိသည်နှင့်အညီ အမျိုးသမီးထုကြီး၏ ပင်ကိုရှိရင်းစွဲ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ အမျိုးစောင့်တရားဖြစ်သည့် ဝံသာနုစိတ်ဓာတ်၊ တိုင်းကျိုးပြည်ပြု လူမှုရေးစိတ်ဓာတ်များ ပိုမိုထက်သန်မြင့်မားတိုးတက်လာအောင် နည်းမျိုးစုံ အားထုတ်ကြိုးပမ်းကြရမည် ဖြစ်သည်။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံ တစ်နံတစ်လျားတွင် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအထိ အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နည်းအားဖြင့် အမျိုးသမီးရေးရာအလုပ်များ ငွားငွားစွင့်စွင့် ပွင့်လန်းနိုင်ရေးအတွက် အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်သည်။ ပြည်ထောင်စုပန်းခင်းကြီးအတွင်း အရောင်အသွေးမျိုးစုံ ဖူးပွင့်ဝေဆာ လန်းဆန်းတက်ကြွလျက်ရှိသော အမျိုးသမီးရေးရာအလုပန်းများသည် နိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့် လူမှုရေးအဖွဲ့အစည်းကြီးအဖြစ် ဂုဏ်သတင်းမွှေးပျံ့စွာဖြင့် သမိုင်းစာမျက်နှာသစ်ဖွင့်လှစ်၍ အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။ ။

(မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြည်နယ်၊တိုင်းအမျိုးသမီးရေးရာအဖွဲ့ကိုယ်စားလှယ်များ စုံညီအစည်းအဝေးကို ဂုဏ်ပြုပါ၏။)

ဓမ္မာနုဂ္ဂဟ စာအောင်သံဃာဆုနှင်းပွဲ ကျောက်ပန်းတောင်းမြို့ သာသနာ့ဗိမာန်၌ကျင်းပ

ကျောက်ပန်းတောင်း မတ် ၁၃

ကျောက်ပန်းတောင်းမြို့နယ်လုံးဆိုင်ရာ (၄၃)ကြိမ်မြောက် ဓမ္မာနုဂ္ဂဟစာအောင်သံဃာဆုနှင်းသည့်အခမ်းအနားကို မြို့နယ်သာသနာ့ဗိမာန်တော်ကြီးတွင် ဖေဖော်ဝါရီ ၅ ရက်တွင် ကျင်းပသည်။

အခမ်းအနားကို ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသံဝရ (ဗဟိုသံဃာ့ဝန်ဆောင်)အဖွဲ့ဝင် သုခဝတီစာသင်တိုက် ပဓာနနာယကဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက် ဓမ္မာနုဂ္ဂဟစာမေးပွဲကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံလှက စာမေးပွဲ နှစ်စဉ်ကျင်းပရခြင်းနှင့်ပတ်သက်၍ လုပ်ငန်းများကို ရှင်းလင်းလျှောက်ထားပြီး စာအောင်သံဃာ ပထမငယ်အပါး ၃၀၊ အခြေပြုမူလတန်း ၄၃ ပါး၊ တတိယဆင့် ၆၉ ပါး၊ ဒုတိယဆင့် ၁၀ ပါး၊ ပထမဆင့် ၂၄ ပါးတို့ကို နာယကဆရာတော်ကြီးနှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် ဝတ္ထုများဆက်ကပ်ကြ၍ **(အပေါ်ပုံ)** ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

(ဝ၆၁)

ချောင်းဆုံမြို့ ကျေးလက်ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ချောင်းဆုံ မတ် ၁၃

ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဖေဖော်ဝါရီ ၁၆ရက်မှ ၂၀ရက်အထိ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ ဦးဆောင်၍ အဖွဲ့သုံးဖွဲ့ခွဲ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အဖွဲ့သုံးဖွဲ့၏ ဌာနဆိုင်ရာ တာဝန်ရှိသူများက ပညာပေးဟောပြောခြင်း၊ အိမ်တိုင်းတွင် ယင်လုံအိမ်သာ ဆောက်လုပ်ပြီးစီးမှုကို စစ်ဆေးခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ စစ်ဆေးခြင်း၊ ကျေးရွာခြင်းဆက်တံတားနှင့် လမ်းများကောင်းမွန်မှု ဆက်သွယ်ရေးလွယ်ကူရေးအတွက် အကြံပေးခြင်းနှင့် အိမ်ရာများ စနစ်တကျ ဖြစ်စေရေး ပြန်လည် နေရာချထားရေးလုပ်ငန်းများတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရှင်းလင်း

ဖေဖော်ဝါရီ ၇ရက်က ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ဥက္ကဋ္ဌများနှင့် ပြည်သူများ စုပေါင်း၍ မြို့ပေါ်ရပ်ကွက် လမ်းဘေးဝဲယာချုံအမှိုက်သရိုက်များရှင်းလင်းကြစဉ်။ (က-ပ)

ဟောပြော

ဖေဖော်ဝါရီ ၁၆ရက်က မန္တလေးတိုင်း မီးသတ်ဦးစီးဌာနတွင် ဟိုတယ်၊ မိုတယ်ပိုင်ရှင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တွေ့ဆုံ၍ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေး ဟောပြောပွဲတွင် ခရိုင်မီးသတ်ဦးစီးအရာရှိဦးဇော်ဝင်းက ဟောပြောစဉ်။ (၁၆၂)

သောက်သုံးရေ ဖူလုံရေးဆောင်ရွက်

ဗန်းမော် မတ် ၁၂

ဗန်းမော်မြို့ ကောင်းဂျာယန်ကျေးရွာတွင် နေထိုင်ကြသော ကျေးရွာသူကျေးရွာသားများ သောက်သုံးရေဖူလုံရန်အတွက် ၂လက်မ ကျေးလက်စက်ရေတွင် တူးဖော်မှုကို စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူနှင့်အဖွဲ့က ကြီးကြပ်၍ ဖေဖော်ဝါရီ ၁၉ရက်က ဆောင်ရွက်ကြသည့် အဆိုပါ ၂လက်မ အလျှူရှင်စက်ရေတွင်းသည် ကျပ် ၈၆၀၀၀၀ ကုန်ကျကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သန်လျင်မြို့နယ်တွင် မြတ်ရတနာ မီးရထားရုပ်စခန်းဘူတာဖွင့် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း တက်ရောက်အားပေး

ရန်ကုန် မတ် ၂၀

(၅၉) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ မြတ်ရတနာမီးရထားရုပ်စခန်း ဘူတာဖွင့်ပွဲအခမ်းအနားကို မတ် ၁၈ရက် နံနက် ၇နာရီက အဆိုပါ ရုပ်စခန်းဘူတာ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက် အားပေးချီးမြှင့်သည်။

ရှေးဦးစွာ မြတ်ရတနာမီးရထားရုပ်စခန်း ဘူတာ အလှူရှင် နေလအထွေထွေထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် မြတ်ရတနာ အိမ်ရာစီမံကိန်း ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက မီရထားရုပ်စခန်းဘူတာ ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြပြီး မြတ်ရတနာ မီးရထားရုပ်စခန်းဘူတာ အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေက လက်ခံရယူသည်။

ယင်းနောက် မြတ်ရတနာ မီးရထားရုပ်စခန်းဘူတာ ဖွင့်ပွဲအထိမ်းအမှတ်အလံများကို မြတ်ရတနာ အိမ်ရာစီမံကိန်း ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်တို့အား ပေးအပ်သည်။

ထို့နောက် မြတ်ရတနာ မီးရထားရုပ်စခန်းဘူတာကို မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ နှင့် မြတ်ရတနာအိမ်ရာ စီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(ယာပုံ)**

မြတ်ရနာမီးရထားရုပ်စခန်းဘူတာသစ်သည် အုတ်ဖိုစုသီလဝါရထားလမ်းပေါ်ရှိ သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်၌ တည်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့သည် မြတ်ရတနာအိမ်ရာ စီမံကိန်းရုံးသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ မြတ်ရတနာ အိမ်ရာစီမံကိန်းဥက္ကဋ္ဌ ဦးမြင့်ဦးက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် မြတ်ရတနာ အိမ်ရာစီမံကိန်းတို့ပူးပေါင်း၍ အိမ်ရာများ ဆောက်လုပ်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တန်း ပုစွန်မွေးမြူရေးစခန်း မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း စစ်ဆေး

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ မတ်၁၈ရက် နံနက်ပိုင်းက ထုတ်လုပ်ရေးဌာနက တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်ရှိ ကျောက်တန်းပုစွန်မွေးမြူရေးစခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

မှာကြား

ထို့နောက် မြို့တော်ဝန်အား ထုတ်လုပ်ရေးဌာန ခေတ္တဌာနမှူး ဦးတင်ဖေနှင့် တာဝန်ရှိသူများက ပုစွန်သားဖောက်ခန်း၌ ရေချိုပုစွန်များ သားဖောက်ထားရှိမှု၊ ပြုစုမွေးမြူထားရှိမှုနှင့် အစာကျွေးမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ မြို့တော်ဝန်က ပုစွန်သားဖောက်မှုနှင့် မွေးမြူမှုနည်းပညာများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေးနှင့် လုပ်ငန်းများ တိုးတက်အောင်မြင်စေရန် တာဝန်ရှိသူအဆင့်ဆင့်က စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေး မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်းလှဓမ္မရိပ်သာကျောင်း သင်္ကြန် ၁၀ရက်တရားစခန်း

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းဗဟန်းမြို့နယ်ရေတာရှည် လမ်းဟောင်း မင်းလှဓမ္မရိပ်သာကျောင်းတွင် သင်္ကြန် ၁၀ရက် တရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ကြီး၏ ဩဝါဒနှင့်အညီ မင်းလှ ဓမ္မရိပ်သာကျောင်း ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော်ကိုယ်တိုင် မဟာသတိပဋ္ဌာန် အလုပ်ပေး တရားများကို ဟောကြားမည် ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများနှင့် ဒုလ္လဘရဟန်းဝတ်လိုသူများသည် မတ် ၃၁ရက်နောက်ဆုံးထား၍ ရိပ်သာဖုန်း- ၅၄၀၂၈၉သို့ ကြိုတင်ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျိုက်ထိုမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၂၀

ကျိုက်ထိုမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့တော်စည်ပင်ဓမ္မာရုံတွင် ကျင်းပရန် စီစဉ်ထားသည်။ နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ရဆရာတော်နှင့် သက်ကြီးပူဇော်ပွဲ၊ စာပေထူးချွန်၊ စီမံထူးချွန်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိကြသော အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုပွဲကျင်းပမည် ဖြစ်သည်။

၂၀၀၃ ခုနှစ်တွင် ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးရရှိကြသော ကျောင်းသူကျောင်းသားများ စာရင်းကို အထောက်အထားခိုင်လုံစွာနှင့် မတ် ၂၅ရက်နောက် ဆုံး ထား ၍ နာယက ဦးကျင်ဖေ ဖုန်း- ၅၅၇၇၀၄၊ ဦးပြုံး ဖုန်း-၂၄၆၅၃၀၊ ဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း- ၅၅၄၅၇၈၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းညွန့် ဖုန်း-၅၄၂၈၅၄၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မျိုးမြင့်အေး ဖုန်း-၂၉၁၅၇၃နှင့်ဘဏ္ဍာရေးမှူး ဒေါ်နွဲ့ရီ ဖုန်း- ၆၃၅၈၃၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

အလှူငွေပေးအပ်

ဖေဖော်ဝါရီ ၂၉ ရက်က စိန်ရတနာ နာရေးကူညီမှုအသင်း (အင်းစိန်)သို့ ပေါက်တောရပ်ကွက်နှင့် မြို့သစ်(က+ခ) ရပ်ကွက်တို့မှ အလှူငွေ ပေးအပ်ပွဲ ကျင်းပရာ ဓမ္မိကာရာမပေါက်တောကျောင်း ယောဂီအဖွဲ့ကအလှူမီနီယံ သေတ္တာအတွက် အလှူငွေ ကျပ်နှစ်သိန်းကို အဖွဲ့ ဥက္ကဋ္ဌ ဦးမြသင်းနှင့် အမှုဆောင်အဖွဲ့ထံ ပေးအပ်စဉ်။ (၀၄၆)



မိုးမိတ်မြို့နယ်၌ တရားမဝင် စိုက်ပျိုးထားသောဘိန်းခင်း ၅ဒသမ ၅ဧကအား ပူးပေါင်းအဖွဲ့က ရှာဖွေတွေ့ရှိ ဖျက်ဆီးစဉ်။

(သတင်းစဉ်)

သွေးဆေးကန်ဆရာတော် သင်္ကြန်မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မတ် ၂၀

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယဖြစ်သော သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ(B.Sc,Phy)သည် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်လုံးဆိုင်ရာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၁၄၆) တွင် တန်ခူးလပြည့်ကျော်၇ရက်မှ၁၃ရက် (ဧပြီ၁ရက်မှ၁၇ရက်)ထိ ကျင်းပမည်ဖြစ်ရာ သင်္ကြန် အထူးတရားစခန်းပွဲတွင် ကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဟု သိရသည်။

(က-ပ)

ဘိန်းခင်း ၅ ဒသမ ၅ ဧက ရှာဖွေဖျက်ဆီး

ရန်ကုန် မတ် ၂၀

၂၀၀၃-၂၀၀၄ခုနှစ် ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းခင်းဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ရက်နှင့် ၂၂ရက် များတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျောက်လုံးကြီးကျေးရွာ အုပ်စုအတွင်း၌ တရားမဝင်စိုက်ပျိုးထားသည့် ဘိန်းခင်း ၅ ဒသမ ၅ဧကကို ရှာဖွေတွေ့ရှိ ဖျက်ဆီးခဲ့ကြောင်းနှင့် ယခုနှစ်ဘိန်းစိုက်ပျိုးရာသီ၌ ဘိန်းစိုက်ပျိုးထားသည့် ဒေသများအတွင်း တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းစုစုပေါင်း ၇၁၈၀ ဒသမ ၇၃ ဧက ရှာဖွေဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေးကွင်းဆင်းစစ်ဆေး

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး အစီအစဉ်အရ လူနေအိမ်များနှင့် စက်ရုံအလုပ်ရုံများအား မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် ပညာပေးဆွေးနွေးဟောပြောပွဲများနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၇ ရက်က ရန်အောင်ရပ်ကွက်တွင်းရှိ စက်ရုံအလုပ်ရုံများ၊ လူနေအိမ်များအား မြို့နယ်အတွင်းရေးမှူး ဦးရွှေအိ၊ ရန်အောင်ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ် ဦးစီးဌာနမှူး ဦးကျော်သန်းဦးနှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲ(၁)တပ်ခွဲမှူး ဦးထွန်းအေးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများ လုံလောက်စွာ ထားရှိမှုအခြေအနေများအား လိုက်လံစစ်ဆေးကြပြီး မီးဘေးအန္တရာယ်ကို အစဉ်သတိရှိကြရန် ဆွေးနွေးမှာကြားကြောင်း သိရသည်။

(၀၅၂)

ရန်ကုန်အဝေးသင်တက္ကသိုလ် ပထမအသုတ် စာစစ်ဌာနများ အစီအစဉ်ကြေညာ

ရန်ကုန် မတ် ၂၀

ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများကို ၅-၄-၂၀၀၄ ရက်မှ ၁၀-၄-၂၀၀၄ ရက်အထိ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ဟင်္သာတ တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ ပဲခူးဒီဂရီကောလိပ် အဝေးသင်ဌာနခွဲ စာစစ်ဌာနများ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်အဝေးသင်တက္ကသိုလ် ဒဂုံဌာနခွဲ(ဒဂုံတက္ကသိုလ်)၊ ရန်ကုန်အဝေးသင်တက္ကသိုလ် အရှေ့ပိုင်းဌာနခွဲ(ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ နယ်တက္ကသိုလ်၊ ဒီဂရီကောလိပ် အဝေးသင်ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် တတိယနှစ် သိပ္ပံအထူးပြုကျောင်းသားအားလုံးသည် မိမိတို့နှင့် သက်ဆိုင်သော တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် စာမေးပွဲ ဖြေဆိုကြရမည်။

အသေးစိတ်အစီအစဉ် ကြေညာချက်ကို သက်ဆိုင်ရာ အဝေးသင်တက္ကသိုလ်ဌာနခွဲများတွင် ကြေညာထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တက္ကသိုလ်သို့ ကွန်ပျူတာခြောက်စုံလှူ

ပြင်ဦးလွင် မတ် ၁၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်သို့ ငွေကျပ် ၂၁၁၃၀၄၀ တန် ကွန်ပျူတာခြောက်စုံ ပေးအပ်လှူဒါန်းပွဲကိုစစ်တက္ကသိုလ်ကျောင်းဌာနချုပ်ရုံး တွေ့ဆုံခန်းမတွင် မတ် ၈ ရက်က ကျင်းပသည်။ အခမ်းအနားသို့ စစ်တက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ် မင်းအောင်လှိုင်၊ ဒုတိယကျောင်းအုပ်ကြီး စာပေ ညွှန်ကြားရေးမှူးနှင့် ဌာနမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင် ဗိုလ်မှူးမောင်လတ်(ငြိမ်း)က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဗိုလ်မှူးမောင်လတ်(ငြိမ်း)-ဒေါ်နန်းယဉ်ယဉ် (စိုးစံလေ့ကျင့်ရေးစခန်း)တို့က ပါမောက္ခချုပ်ဗိုလ်မှူးချုပ် မင်းအောင်လှိုင်ထံ လှူဒါန်းပစ္စည်းများအား ပေးအပ်သည်။ **(ယာပုံ)**

ထို့နောက် ပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်မြို့ အလက(၃) နှစ်(၅၀)ပြည့် ရွှေရတုကျင်းပမည်

မော်လမြိုင် မတ် ၁၅

မော်လမြိုင်မြို့ အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်း၏ နှစ်(၅၀) ပြည့် ရွှေရတုနှစ် ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ အလက (၃)၊ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားနှင့် ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၃ ရက် (စနေနေ့)တွင် စည်ကားစွာ ကျင်းပရန် စီစဉ်ထားသည်။

နှစ် (၅၀) ပြည့် ရွှေရတုအခမ်းအနားနှင့် ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲတွင် အပူဇော်ခံဆရာဆရာမ ၈၆ ဦး တက်ရောက်မည်ဖြစ်ရာ ရပ်ဝေးရောက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် ကိုယ်တိုင်တက်ရောက်ချီးမြှင့်၊ ထောက်ပံ့၊ လှူဒါန်းပေးကြရန်နှင့် အပူဇော်ခံဆရာ ဆရာမများအတွက် လှူဒါန်းလိုသည့် ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် နှစ်(၅၀) ပြည့် ရွှေရတုသဘင်ရွှေရတုအခမ်းအနားနှင့် မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီနာယက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ထွေး၊ ဥက္ကဋ္ဌ ဦးစိုးဝင်း၊ ဦးအေးဝင်း ဖုန်း ၀၅၇-၂၄၅၁၀၊ ၂၂၂၄၈၊ အတွင်းရေးမှူး ဒေါက်တာလှဦး (မြန်မြန်လေးဆေးကုခန်း)၊ ရန်ကုန်မြို့နေ ဦးမင်းဦး ဖုန်း ၀၁-၅၄၈၁၃၄နှင့် ဦးသိန်းအေး ဖုန်း ၀၁-၅၀၅၈၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

ပဲခူးတိုင်း(အနောက်ပိုင်း)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၀၃ ခုနှစ် ဒုတိယနှင့် တတိယလေးလပတ်စည်းဝေး

ပြည် မတ် ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၀၃ ခုနှစ် ဒုတိယနှင့်တတိယလေးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၇ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တိုင်းခွဲဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းနှင့် ပြည်ခရိုင်၊ သာယာဝတီခရိုင်မှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပဲခူးတိုင်း(အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး လှမင်းက အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးအေးထွန်းက ပြည်ထဲရေးဝန်ကြီး၊ ဒုဝန်ကြီးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်း မှာကြားသည်။ ၎င်းနောက် ခရိုင်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ခရိုင်/မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ယင်းတင်ပြချက်များအပေါ် တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်က ပြန်လည်သုံးသပ်ဆွေးနွေးပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးအေးထွန်းက နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သိရသည်။ **(၄၀၃)**

ဖားကန့်မြို့ လုံးခင်းကျေးရွာ ကတ္တရာလမ်းသစ်ဖွင့်

ဖားကန့် မတ် ၁၄

ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါလမ်းသစ်မုခ်ဦးတွင် ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးကျော်ဇေယျက ကိုယ့်အားကိုယ်ကိုးလမ်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုံးခင်းဆေးရုံလမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းကို ဗိုလ်မှူးကြီး တင်ရှိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးကျော်ဇေယျနှင့် အလှူရှင် ဦးအောင်စိုးမြင့်(မြင့်ထက်ဇော်ကုမ္ပဏီ)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကြိုဆိုဂုဏ်ပြု ကောလင်းကျေးရွာကျောင်းများသို့ စာအုပ်နှင့်ဂျာနယ်များလှူဒါန်း

ကောလင်း မတ် ၁၃

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းအထောက်အကူပြု စာအုပ်များနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးဂျာနယ်များပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၆ရက်က မြို့နယ်ရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က စာအုပ်စာတမ်းနှင့် ဂျာနယ်များ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဦးမြင့်အောင်(သိန်းကျော်မြင့်-ကောလင်း)က ကောလင်းမြို့နယ် ယားတောင်ကျေးရွာ အခြေခံမူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မာဝင်း၊ ပန်းတင်ကျေးရွာ အခြေခံပညာမူလတန်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းကြည်မောင်၊ မင်းချမ်းကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းအုပ် ဆရာမကြီးဒေါ်တင်လင်းတို့အား ကျောင်းသုံးစာအုပ်၊ သင်ကြားရေးအထောက်အကူပြုစာအုပ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ဂျာနယ်နှင့် ရွှေမောင်းသံဂျာနယ်များကို လွှဲပြောင်းပေးအပ်ကြသည်။ **(၀၂၆)**

ဖေဖော်ဝါရီ ၁၅ ရက်က ညောင်ရွှေမြို့အဝင် မုခ်ဦးဆိုင်းဘုတ်ရှေ့ရှိ သာစည်ကန်တော်ကြီး မြေပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် ဆည်မြောင်းဦးစီးဌာနတို့ပူးပေါင်း၍ ဆောင်ရွက်ကြစဉ်။ (၀၂၇)

မတ် ၆ ရက်က ရေးမြို့နယ်စည်ပင် သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ဆဲဖြစ်သော ကမ်းနားလမ်း ၂၄ ပေ x ပေ ၁၁၀၀၊ ကျောက်ချောလမ်း ခင်းခြင်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးလှမြင့်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပင်လောင်းမြို့၌ တောင်ထီဗွာ-မင်းဘူး ကျောက်ချောလမ်းဖွင့်

ပင်လောင်း မတ် ၁၃

ပင်လောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော တောင်ထီဗွာ-မင်းဘူးကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၇ရက်က အဆိုပါလမ်းထိပ်မုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကော်စိုး၊ ကျေးရွာ ဥက္ကဋ္ဌ ဦးဝါး၊ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင် ဦးစိုင်းကျော်ရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အဆိုပါလမ်းသည် စည်ပင်သာယာရေးအဖွဲ့က ကျပ် ၄၈၀၀၀၀ ဖြင့် အရှည်ပေ ၄၉၀ ဆောင်ရွက်ပြီး ပြည်သူများမှ ကျပ် ၁၅၀၀၀၀၀ ဖြင့် အရှည်ပေ ၂၀၀၀ ကို အကုန်ကျခံ ဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**

မတ် ၁၂ ရက်က (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ပိန်းဇလုတ်ရွာမ-ကညင်ကျိုး ဂဝံလမ်းသစ်ဖွင့်ပွဲကို အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ တာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်လှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစောလိုင်းနယ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၃၄)

ဝမ်းမြောက်ကြည်ညိုကြောင်း ဂုဏ်ပြုလွှာ

ပြည်ထောင်စု မြန်မာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၄)ဖြင့် ထုတ်ပြန်သော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို စစ်ကိုင်းတိုင်း ကလေးမြို့ အောင်မင်္ဂလာရပ်ကွက် စကားလှ မွှေးရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မပါလအား ဆက်ကပ်လှူဒါန်းခံရခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက် ကြည်ညိုမိပါသည်။

ဒေါ်တင်လှမိသားစု(Zubu Thein Trading)

ဗိုလ်မှူးအောင်ငွေး–ဒေါ်မော်မော်သိန်းမိသားစု။



အာရုံတော်ဝင်နှလုံးနှင့်အထွေထွေရောဂါအထူးကု ဆေးခန်းကြီးသို့ ဆက်သွယ်လိုပါက

ဖုန်း–၅၃၈၀၅၅ (15 Lines) သို့သာ ဆက်သွယ်ပါရန်။

MYANMAR DAEWOO ELECTRONICS COMPANY LIMITED (MDECL)
(IN MEMBERS' VOLUNTARY LIQUIDATION)
Block No. 23, Mogoke Street, Industrial Zone (1),
South Dagon Township, Yangon.
Ph: 706942 , 706946

The (9) Motor Vehicles, (2) Forklifts, Spare Parts for T.V, VCR and Refrigerator and Machinery and Equipment for VCR Head of MDECL will be sold in one Lot or Lots by Sealed Tender Bids. Interested Persons are kindly invited to visit us, inspect for detailed terms and conditions of the Tender and make bids for the following:-

1.0 Place for Inspection — Blocks No. 23, Mogoke Street, Industrial Zone (1), South Dagon Township, Yangon

2.0 Period for Inspection — During Office Hours from March 22,2004 to March 25,2004.

3.0 **Tender Forms, Terms and Conditions**
Are available at the above address on payment of k. 3000/-per set during office hours at 09 : 30 am to 4 : 30 pm from March 22,2004 to March 26, 2004.

4.0 Tender Closing Date/ Time — 10:00 hours March 29,2004

5.0 Tender Opening Date/ Time — 12:00 hours March 29,2004

6.0 Public Declaration of Results Date and Time — 15:00 hours March 29,2004

U HLA TUN
CHAIRMAN, DISPOSAL COMMITTEE

တော်ဝင်လင်း အဆင့်မြင့်ဘုရားဖူးနှင့်ခရီးသွားလုပ်ငန်း

တောင်ကြီး၊ အင်းလေး၊ ပင်းတယ

၂-၄-၂၀၀၄ထွက်မည်။ (၅)ရက်ခရီး **တစ်ဦးလျှင် ၅၀၀၀၀/– (စရိတ်ငြိမ်း)** အဆင့်မြင့်ဟိုတယ်၊ စားသောက်ဆိုင်၊ လေအိပ်ကား၊ ဝန်ဆောင်မှု အကောင်းဆုံး အာမခံသည်။ ဆက်သွယ်စုံစမ်းပါ။

အိမ်တိုင်ရာရောက် လက်မှတ်ရောင်းချပေးသည်။

အမှတ် ၁၁၃၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉၉၉၂၄၅၁၂၊ ၀၉၅၀၁၃၉၃၁၊ ၀၁၅၄၉၅၀၅

(၁၈)နှစ်ပြည့် အမြှာညီအစ်မအတွက် မွေးနေ့ဆုတောင်း

သမီးကြီး အေးမြသီဂီနှင့် သမီးငယ် အေးမြသီတာတို့၏ ၂၁-၃-၂၀၀၄ ရက်တွင် ကျရောက်သော (၁၈)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် တတ်သိလိမ္မာသော သမီးမြတ်များဖြစ်၍ အောင်မြင်မှုများစွာကို ပိုင်ဆိုင်နိုင်ပါစေ။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ပါစေ။

ဖေဖေ – ဦးဇော်ခင်
မေမေ – ဒေါ်ဥမ္မာချို

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် တခလ/၂၇၇၄ မော်တော်ယာဉ် လက်ဝယ်ရှိသူက (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ၁၅ ရက်အတွင်း ကညန၊ပြည်နယ်ရုံး (ကျိုင်းတုံ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ပြည်နယ်ရုံး(ကျိုင်းတုံ)

အမည်ပြောင်း

ဦးမောင်မောင်ချို၏သမီးဖြစ်သူ T.T.C ကမာရွတ် နဝမတန်း(ဂ)မှ မေအိအောင် ၁၂/အစန(နိုင်) ၁၈၉၇၇၃ အား မြတ်သဥ္ဇာခိုင်ဟု အမည် ပြောင်းလဲခေါ်ပါရန်။ **မြတ်သဥ္ဇာခိုင်။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဧဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၇

ရိုးမဘဏ်လီမိတက် (ဘဏ်ကိုယ်စားအကြီးတန်းမန်နေဂျာ ဒေါ်အေးအေးမြင့်) ချေးငွေဌာန၊ ရိုးမဘဏ်လီမိတက်ရုံးချုပ် အက်ဖ်အမ်အိုင်စင်တာ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။	နှင့်	ဦးရဲထွဋ်ဦး အမှတ် ၃၆/အေ၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့။ (ယခင်နေရပ်လိပ်စာ)
တရားလို		**တရားပြိုင်**

အထက်ပါအမှုမှ တရားပြိုင် ဦးရဲထွဋ်ဦး အမှတ် ၃၆/အေ၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလို ရိုးမဘဏ်လီမိတက်(ဘဏ်ကိုယ်စား အကြီးတန်းမန်နေဂျာ ဒေါ်အေးအေးမြင့်)က ရိုးမကတ်ဖြင့် သုံးစွဲထားသော ငွေကျပ် ၁၈၂၀၃၈၀၊ ၆၆ ပြား (ငွေတစ်ဆယ့်ရှစ်သိန်းနှစ်သောင်း သုံးရာရှစ်ဆယ်ကျပ် ခြောက်ဆယ့်ခြောက်ပြားတိတိ) ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေနှင့် အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဧပြီလ ၅ ရက် (၁၃၆၅ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် ယင်းကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ ခုနှစ် မတ်လ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဝင်းဝင်းမော်
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်တိုင်းအနောက်ပိုင်းခရိုင်တရားရုံး

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လေလံကြော်ငြာ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွက် ရှုခင်းသာအပန်းဖြေဥယျာဉ်နှင့် ကန်တော်ကြီး Relaxation Zone ရှိ လုပ်ငန်းများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်အငှားချထားခြင်းကို ၂၉–၃–၂၀၀၄ ရက် (တနင်္လာနေ့) ၀၉:၀၀ နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါလေလံပွဲတွင် ၁–၃–၂၀၀၄ မှ ၈–၃–၂၀၀၄ အထိ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော လေလံပွဲတွင် လေလံမအောင်မြင်သော ကျန်ရှိနေသည့်အခွန်ဌာနမှ လုပ်ငန်းများ၊ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)မှ ယာဉ်ရပ်နားခကောက်ခံခြင်းလုပ်ငန်းများ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သန့်စင်ခန်းများ၊ ဈေးဌာနများမှ သန့်စင်ခန်းများ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ပန်းခြံဝင်ငွေရလုပ်ငန်းများ၊ ဈေးများဌာနမှ ဘုရင့်နောင်ဈေး၊ နှစ်ထပ်ရုံဆိုင်ခန်းများ၊ အခွန်ဌာနမှ ဒဂုံဇရာပွဲရုံနှင့် အဝေးပြေးဆိုင်ခန်းများ၊ ကျိုက္ကဆံ ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးဆိုင်ခန်းများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၃) စီးပွားရေးဖွံ့ဖြိုးမှုဇုန်မှ ဆိုင်ခန်းများနှင့် ပစ္စည်းဟောင်းများကိုပါ ထည့်သွင်း၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်အငှားချထားခြင်း၊ ရောင်းချခြင်းများကို ထပ်မံကျင်းပပြုလုပ်ပေးမည်ဖြစ်ပါသည်။

လေလံလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမအနီးရှိ ၁၀ ထပ်ရုံး အင်ဂျင်နီယာဌာန(အဆောက်အအုံ) ပဥ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူ လျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၂၆–၃–၂၀၀၄ (သောကြာနေ့)ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဖုန်း– ၂၄၉၅၂၅၊ ၂၄၈၁၁၂ လိုင်းခွဲ–၂၇၉ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ဦးခင်ဦး ၁၂/မရက(နိုင်)၀၇၆၆၆၁ နှင့် အများသိစေရန် ရှင်းလင်းကြေညာချက်

၁၃–၃–၂၀၀၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ (၁၇) အများသိစေရန် ကြေညာချက်ပါ၊ ရန်ကုန်မြို့၊ လသာမြို့နယ် (၂၃)လမ်း၊ အမှတ် (၆၆)၊ (မြေညီထပ်) သည် ဒေါ်လှသာစိန် ၁၁/စတန(နိုင်)၀၀၆၉၅၂နှင့် ဦးခင်ဦးတို့၏ လက်ထက်ပွားမဟုတ်သည်ကို ၈–၃–၂၀၀၄ ရက်နေ့တွင် ဦးခင်ဦးသို့ နို့တစ်စာဖြင့် ပြန်ကြားပြီးကြောင်း ရှင်းလင်းကြေညာပါသည်။

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၉–ရပ်ကွက်၊ အညာစုလမ်း၊ အမှတ်(၂၆၉)နေ ဦးခင်ဦးလက်ဝယ်ရှိ နှစ်ဦးပိုင် လက်ထက်ပွား Toyota Canina Van(၃က/၈၉၆၁) (ဖြူရောင်) (တန်ဖိုး ၂၇၀၀၀၀၀၀)ကား ကို ဒေါ်လှသာစိန်၏ သဘောတူညီမှုမပါဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းခြင်း၊ အခြားနည်း စီမံခန့်ခွဲခြင်းမပြုရန် တားမြစ်ပါကြောင်းနှင့် ဦးခင်ဦးသည် မိမိအလိုအလျောက် အိမ်ပေါ်မှ ဆင်းသွားခြင်းသာဖြစ်ပြီး ယခုထက်တိုင် ဒေါ်လှသာစိန်နှင့် ကွာရှင်းပြတ်စဲခြင်းမရှိဘဲ အများပြည်သူ ထင်ယောင်ထင်မှား ဖြစ်စေရန် ဦးခင်ဦးမှ ကြေညာခြင်းသာဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းကြေညာပါသည်။

ဒေါ်လှသာစိန်၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသန်းဖေ
အထက်တန်းရှေ့နေ(၁၂၆၉၆)
၂–ဣန္ဒာသယလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။

THREE STAR

Air-Con၊ ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်ရေး Good Second များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

ဖုန်း–၇၀၅၇၈၄

ကား စီး လုံး ငှား သည်

Zaw Win & Associates
Z & A Car Renter
ကားပိုင်ရှင်များ ဆက်သွယ်နိုင်ပါသည်။
ဖုန်း–၅၄၀၅၄၅၊ ၀၉–၈၀၂၀၀၉၁

ပေလီသင်္ကြန် (ပန်သဇင်အဖွဲ့)

စား/တည်း/ငြိမ်း၊ လေးညအိပ် ဧပြီ ၁၂ ရက်ထွက်မည်
No. 303 အနော်ရထာ ကုန်ဈေးတန်းလမ်းထိပ်
ဖုန်း–၂၄၃၇၆၀၊ ၃၈၀၅၂၇

ဒေါက်တာဒေါ်သန်းခင်
M.B.,B.S,(Ygn)
(သရုပ်ပြ၊ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာန-ငြိမ်း)
ဆေးတက္ကသိုလ်-၁၊ ရန်ကုန်
(ပေါက်ခေါင်းမြို့)
အသက်(၈၃)နှစ်

မြောင်းမြမြို့၊ (ဦးဘအုန်း-ဒေါ်ထွေး)၊ ဒေါ်သန်းတို့၏သမီး၊ ပေါက်ခေါင်းမြို့ အမှတ် (၃)ရပ်ကွက်နေ ဦးစောနေထွန်း၏ဇနီး၊ (ဦးစောသန်း)-ဒေါ်ပုမယ်၊ ဒေါက်တာလှလွင်-ဒေါ်ဆွေဝါကြူ(ရန်ကုန်)၊ မနီနီထွန်းတို့၏မိခင်သည် ၁၉-၃-၂၀၀၄ရက်(သောကြာနေ့) ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ပေါက်ခေါင်းမြို့ သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးရန်ရှင်း
စာရင်းစစ်မှူး(ငြိမ်း)
စာရင်းစစ်ချုပ်ရုံး
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၈)ရပ်ကွက်၊ အောင်ရတနာ ၁လမ်း၊ အမှတ် ၁၈နေ (ဦးချစ်ညွန့်-ဒေါ်ခင်သန်း)တို့၏သား၊ ဒေါ်ရင်မေ၏ ခင်ပွန်း၊ မောင်ဝင်းအောင်(ပစလ၊ ဝန်ကြီးများရုံး)၊ မောင်စိုးနိုင်(တပ်မတော်-ရေ)-ဒေါ်ကေသီခိုင်၊ မနီလာဝင်း(သင်တန်းရေးရာ၊ ဒဂုံတက္ကသိုလ်)၊ မစန္ဒာထွေး (ပစလ၊ဝန်ကြီးများရုံး)တို့၏ဖခင်သည် ၂၀-၃-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၃-၂၀၀၄ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ချယ်ရီလွင်
အသက်(၄၀)

မန္တလေးမြို့နေ (ဦးတင်ထွေး-ဒေါ်ရင်ရင်အေး)တို့၏သမီးကြီး၊ အမှတ်၁၅၄၊ ၄၇လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးခင်မောင်သန်း(ဇန်ဇန်၊ နံနက်ခင်း သတင်းဂျာနယ်)၏ဇနီး၊ မောင်နေနေရန်နိုင်၊ မမြတ်နိုးပွင့်တို့၏မိခင်သည် ၁၉-၃-၂၀၀၄ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

၂၅-၃-၂၀၀၄ရက်(ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်စန်း
(ထားဝယ်)
အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ၃၉လမ်း၊ အမှတ် ၂၅၀နေ (ဦးချာလီ-ဒေါ်ငင်စီ)တို့၏ သမီးလတ်၊ (ဦးလှဝင်း-ဒေါ်ခင်မြ)၊ ဒေါ်စီစီ၊ (ဦးပီတာခင်မောင်)-ဒေါ်ဟယ်လင်၊ ကပ္ပတိန်ကောင်းစီ(Monsoon Marintine Servicar Pte Ltd.)-ဒေါ်မေခိုင်ဝင်း(လ/ထညွှန်မှူး၊ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန)တို့၏မိခင်၊ မြေးရှစ်ယောက်၊မြစ်သုံးယောက်တို့၏ အဘွားသည် ၂၀-၃-၂၀၀၄ရက်(စနေနေ့)မွန်းလွဲ၁:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၀၄ရက်(တနင်္လာနေ့)နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၈:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်း (တာမွေလေး)
ဒု-လေကြောင်းမီးသတ်အရာရှိ(ငြိမ်း)
လေကြောင်းဦးစီးဌာန မင်္ဂလာဒုံ
အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်ငယ်-ဒေါ်သိန်း)၏သား၊ (ဦးကြာညွန့်-ဒေါ်စိန်)၏သားသမက်၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ ၃ လမ်း၊ အမှတ် ၁၃၂ နေ ဒေါ်လှတင်၏ခင်ပွန်း၊ ဦးပန်းစိန်-ဒေါ်တင်အေး၊ (ဦးကျော်စိန်)-ဒေါ်မြကြည်တို့၏အစ်ကို၊ (ဦးတင်စိန်)-ဒေါ်ခင်မြရီ၊ ဦးစန်းနိုင်(ဒုမန်နေဂျာ၊ သစ်တော)-ဒေါ်ခင်မြကြည်၊ ဦးခင်မောင်ဦး-ဒေါ်သန်းသန်းဝင်း(ပန်းနု စတိုး)၊ဦးသိန်းထွန်း(လေကြောင်းမီးသတ်၊ ငြိမ်း)-ဒေါ်လှလှစန်း၊ ဦးသိန်းလွင် (မော်တော်ယာဉ်ဌာန၊ လေကြောင်းဦးစီး၊ ငြိမ်း)-ဒေါ်မာမာဝေ(ဟိုတယ်/ခရီး၊ ငြိမ်း)၊ ဦးခင်လတ်(ဒု-ဦးစီးမှူး၊ငါးလုပ်ငန်း)-ဒေါ်ဝင်းဝင်းချိုတို့၏ဖခင်၊ မြေး ၁၆ ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၁၉-၃-၂၀၀၄ရက် (သောကြာနေ့) ညနေ ၃:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် မြောက်ဥက္ကလာဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျိုက်ထိုမြို့နယ်၊ လှည်းလမ်းကူး ကျေးရွာအုပ်စု၊ ဘိုက္ကားကျေးရွာနေ ဦးလွန်းရွှေ-ဒေါ်စိန်ရွှေတို့၏သား မောင်ဉာဏ်ဝင်းအောင် ၁၀/ကထန (နိုင်)၀၈၀၅၁၂ သည် မိဘ၏ ပြောဆိုဆုံးမခြင်းကို မနာခံဘဲ ခွင့်မလွှတ်နိုင်သည့်ကိစ္စမျိုးကို အကြိမ်ကြိမ် ပြုလုပ်သည့်အတွက် သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလွန်းရွှေ
၁၀/ကထန(နိုင်)၀၄၃၈၄၇
ဒေါ်စိန်ရွှေ
၁၀/ကထန(နိုင်)၀၄၃၈၆၇

မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၂၁၂၄ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းတန် နိုင်ငံသားစိစစ်ရေးကတ် ၁၂/ဗဟန(နိုင်) ၀၃၉၈၈၃ က မော်တော်ယာဉ် မှတ်ပုံတင်ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကညန၊ အနောက်ပိုင်းခရိုင်ရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ရန်ကုန်တိုင်း။**

အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ဖိုးစိန်လမ်း၊ အမှတ် (၃၆/က)နေ (အဖ)ဦးဘိုးသက်၏သား ဦးတင်မြင့် ၁၂/တမန(နိုင်)၀၇၄၁၃၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ-

ဦးတင်မြင့်မှ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သစ္စာလမ်း အမှတ်(၄၄)နေ (အဖ)ဦးမောင်မောင်လှ၏သား ဦးသန်းဌေး ကေ/အာရ်ဂျီ အင်န်-၀၂၉၇၅၆ အား ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ၃၀-၁-၂၀၀၃ ရက်စွဲပါ မှတ်ပုံတင်အမှတ် ၉၆၆/၂၀၀၃ဖြင့် ပေးအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မေမျိုးခိုင်(အယ်လ်အယ်လ်ဘီ၊ဒီဘီအယ်လ်)
အထက်တန်းရှေ့နေ (စဉ်-၂၂၇၉၈)
အမှတ် ၅၀၊ ပထမထပ်၊ အခန်း အေ-၁၅
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်ကြင်မြို့ (ကျိုက်ထို)
အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ အမှတ် ၉/က(၁)နေ (ဦးအောင်ကြိုင်)၏ဇနီး၊ ဒေါ်ခင်သန်းသန်း(ဝ/သ တက္ကသိုလ်၊ ငြိမ်း)၊ ဒေါ်ခင်ပြုံးရီ(အထက-၄၊ အလုံ၊ငြိမ်း)၊ သံအမတ်ကြီး ဦးဝင်းလွင်(ငြိမ်း၊ အကြံပေးပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း)-ဒေါက်တာဒေါ်သန်းသန်းနွဲ့တို့၏မိခင်၊ မခိုင်ဆုဝင်းလွင်၏အဘွားသည် ၁၉-၃-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင်ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်လှလှ
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၄လမ်း၊ အမှတ် ၃၁ နေ (ဦးထွန်းဖေ-ဒေါ်နု)တို့၏သမီး၊ ဦးတူး(အကောက်ခွန်မှူး၊ ငြိမ်း)၏ ဇနီး၊ ဦးလင်းကြည်-ဒေါ်ပုစိန်၊ (ဦးတင်အုန်း)-ဒေါ်အုန်းခင်၊ ဦးလှသိန်း-ဒေါ်တင်တင်အေး၊ (ဦးလှထွေး)-ဒေါ်ခင်စောတို့၏ ညီမ/အစ်မ၊ ဦးမြင့်ဦး-ဒေါ်ခင်သန္တာ၊ (ဦးကျော်ထွန်းဇော်)-ဒေါ်ဖြူဖြူဝင်း၊ ဦးကျော်ကျော်ခိုင်တို့၏ မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၉-၃-၂၀၀၄ရက် (သောကြာနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြင်မြို့
အသက်(၉၈)နှစ်

ဦးဝင်းလွင်(သံအမတ်ကြီး-ငြိမ်း)-ဒေါက်တာဒေါ်သန်းသန်းနွဲ့တို့၏မိခင် ကွယ်လွန်ကြောင်းသိရ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
ညွှန်ကြားရေးမှူးချုပ်နှင့်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ တန်ဆောင်းအမကြီး
ဒေါ်စံမွေး
(ကြယ်သုံးလုံးမုန့်ဆိုင်၊မုဒုံမြို့)
အသက်(၈၉)နှစ်

မုဒုံမြို့၊ မင်းတန်းရပ်နေ (ဦးရှိန်ရီ)၏ဇနီး၊ ဦးယုဟိန်-ဒေါ်မဲလင်း၊ (ဦးခင်ဖုန်း)-ဒေါ်မြမြ၊ (ဦးငွေဘော်)-ဒေါ်သန်းသန်းအေး၊ (ဦးသောင်းတင်-ဒေါ်မြဝင်း)၊ ဦးမောင်မောင်-(ဒေါ်လှလှဝင်းခိုင်)၊ ဦးအေးလွင်-ဒေါ်တင်ကြည်တို့၏မိခင်၊ မြေး၁၉ယောက်၊မြစ်ခုနစ်ယောက်တို့၏ အဘွားသည် ၁၈-၃-၂၀၀၄ ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၀၄ရက်တွင် မုဒုံမြို့ တရုတ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကြင်မြို့ (ကျိုက်ထို)
အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ အမှတ် ၉/က(၁)နေ (ဦးအောင်ကြိုင်)၏ဇနီး၊(ဦးဦးသာ)၊(ဦးလှအောင်-ဒေါ်လှကြည်)တို့၏ညီမ၊ (ဒေါ်သန်းတင်)၊ဒေါ်စောကြည်ကြည်၊ဦးမောင်မောင်ဟိန်း၊ ဦးမောင်မောင်သန်း၊ ဒေါ်ခင်ခင်ရီ၊ ဦးမောင်မောင်သောင်း၊ ဒေါ်ကြင်ကြင်၊ ပါမောက္ခ ဒေါက်တာဦးမောင်မောင်ကျော်၊ ဒေါ်ခင်မြမြ၊ ဒေါ်ဖြူဖြူခင်၊ ဒေါက်တာမေစမ်းကြည်တို့၏ အဒေါ်သည် ၁၉-၃-၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဦးဘကြိုင် (သုံးခွမြို့)
အသက်(၈၆)နှစ်

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ (၁၁) ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၄၇ နေ (ဦးချစ်ဖူး-ဒေါ်အေးခင်)တို့၏ သား၊ (ဦးသာဖဲ-ဒေါ်စိုးမယ်)တို့၏ သားသမက်၊ (ဒေါ်တင်ညွန့်)၏ ခင်ပွန်း၊ ဦးတင်ဝင်း-ဒေါ်တင်ကြည်တို့၏ဖခင်၊ မောင်ဇေယျာတင်ဝင်း (B.Sc, Zool)-မသဇင်ထွန်း၊မသူဇာတင်ဝင်း(A.G.T.I, Civil ၊ Third Year, YIE)တို့၏ အဘိုး၊ မခင်ဇာလီဝင်း၏ ဘိုးဘိုးကြီးသည် ၁၉-၃-၂၀၀၄ရက်(သောကြာနေ့) နံနက် ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် သုံးခွမြို့ ဥက္ကံသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ခင်ဆွေမြင့်
အသက်(၅၈)နှစ်

မန္တလေးမြို့နေ (ဦးဖေမြင့်-ဒေါ်စိန်စိန်)တို့၏သမီး၊ ဦးမောင်မောင်လေး(ဒုရဲအုပ်၊ စခန်းမှူး၊ငြိမ်း၊ ဖောင်ကြီးသူရ-၆)၏ဇနီး၊ ဦးမျိုးတေဇ-နော်မိုနာ၊ စောမိုးကြီး-မမျိုးဥမ္မာ (တာချီလိတ်)၊ ဒုရဲအုပ်ထွန်းနိုင်မြင့်-မမျိုးကေသီ (ကျိုင်းတုံ)၊ မျိုးသီဟ(World Vision၊ တာချီလိတ်)တို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၉-၃-၂၀၀၄ရက် ည ၁၀:၁၅ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၆)ရပ်ကွက်၊ မိုးမခ ၅လမ်း၊ အမှတ် ၁၀၉၄ နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၃-၂၀၀၄ ရက်(အင်္ဂါနေ့)နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးစန်လွင်(Archie)
(အကောက်ခွန်ဦးစီးမှူး၊ ငြိမ်း)
အသက်(၈၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာ၊ ဝန်မင်းလမ်း၊ အမှတ် ၇ နေ (ဦးထွားအောင်-ဒေါ်တင်မြ)တို့၏သား၊ (ဦးသိန်း-ဒေါ်သိန်းရင်) တို့၏သားသမက်၊ ဒေါ်ငြိမ်းမြင့်(အကောက်ခွန်၊ ငြိမ်း)၏ ခင်ပွန်း၊ သီရိပုံချိ(ဦးလှဘော်)၏တူ၊ ဦးခင်မောင်ချို-(ဒေါ်ခင်မေရီ)၊ (ဦးစိန်ကြည်-ဒေါ်တင်တင်လှ)၊ ဦးရှုမောင်-ဒေါ်သီသီလှ၊ ဗိုလ်မှူးအောင်သိန်း(ငြိမ်း)-ဒေါ်နော်ငြိမ်းငြိမ်းတို့၏အစ်ကို/မောင်၊ (ဒေါ်စုစုလွင်)၊ ဦးမင်းလွင်-ဒေါ်နော်သိန်းစံ၊ ဦးစိန်ဝင်း-ဒေါ်ယုယုလွင်၊ ဦးသန်းဌေးအောင်-ဒေါ်အေးအေးလွင်၊ ဦးစိန်မင်း-ဒေါ်ဌေးဌေးလွင်၊ ဦးမင်းထွေးဦး-ဒေါ်စိုးစိုးလွင်၊ ဦးရဲထွဋ်လွင်၊ ဦးအောင်အောင်လွင်တို့၏ဖခင်၊ တူ တူမ ၂၁ ယောက်တို့၏ဦးလေး၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၁၈-၃-၂၀၀၄ ရက် (ကြာသပတေးနေ့) နံနက် ၀၀:၀၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၀၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းလွဲ၁၂:၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်မင်းစိန်
ဂန့်ဂေါမြို့
ရဲကျော်သူ ဒုရဲမှူး(ငြိမ်း)
အသက်(၅၅)နှစ်

ဂန့်ဂေါမြို့၊မြို့မရပ်နေ (ဦးဘထူး-ဒေါ်တင်တင်)တို့၏သား၊ (ဦးဌေးအောင်- ဒေါ်ယဉ်နု)တို့၏သားသမက်၊ အမှတ် ၉၂၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်းနေ ဒေါ်စုစုဌေး၏ခင်ပွန်း၊ မောင်ဟိန်းထွဋ်မင်း၏ ဖခင်၊ ဦးစောနိုင် (ဒုညွှန်မှူး၊ ငြိမ်း၊ ပြည်တွင်းအခွန်)-ဒေါ်စန်းကြည်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)တို့၏မောင်၊ ဦးအောင်မင်းလွင် (သစ်ထုတ်လုပ်ရေး၊ ဂန့်ဂေါ)-ဒေါ်မေသန်း၊ ဒေါ်စန်းစန်းထွေး [ဒုဦးစီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ထွေ/အုပ်]တို့၏ အစ်ကို၊ ဦးဇော်ထွန်းဦး-ဒေါ်သင်းသင်းနိုင်(ဦးစီးအရာရှိ၊ ဗဟိုဘဏ်)၊ ဦးသက်နိုင်-ဒေါ်ခင်ပပဝေ၊ ဗိုလ်မှူးအောင်ကိုကို-ဒေါ်စိုးစိုးစောနိုင်၊ မောင်အာကာမင်းတို့၏ဦးလေးသည် ၁၉-၃-၂၀၀၄ ရက် ည ၈:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးအုန်းတင် (ငြိမ်း)
(တပ်မတော်-လေ)
(ကြေးနန်း၊ဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၊ ငြိမ်း)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်ချုပ်လမ်းနေ (ဦးဘရှင်-ဒေါ်အမာ)တို့၏သား၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ် ၁၉၆၊ (၃၂)ရပ်ကွက်၊ ပင်လုံလမ်းနေ ဒေါ်လှမြင့်၏ခင်ပွန်း၊ (ဒေါ်ခင်မို့မို့)၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်း (ငြိမ်း၊ ရေ၊ ရေကြောင်းပြမှူးကြီး)-ဒေါ်မျိုးသန္တာမြင့်၊ (ဒုဗိုလ် ဇင်မြင့်)၊ ဒေါ်စန်းစန်းတင် (အထက-၃၊ ဒဂုံ/မြောက်)၊ ဦးလွင်မြင့် (ဒေါ်ဝင်းဆေးဆိုင်၊ မင်္ဂလာဈေး)-ဒေါ်ရီရီအေး၊ ဦးဇော်ဝင်းလှိုင်(စိတ်ကြိုက် အထွေထွေရောင်းဝယ်ရေး)-ဒေါ်အေးအေးတင်၊ ဦးလွင်ဦး(UN-AIDS)-ဒေါ်အေးအေးမြင့်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၉-၃-၂၀၀၄ ရက် မွန်းလွဲ ၁:၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှရွှေ (မြောင်းဘွေ)
B.A(Eco),D.E.P
စီမံကိန်းမန်နေဂျာ
ရွှေကမ္ဘောဇ
ဆီအုန်းစိုက်ပျိုးရေး(မြိတ်)
အသက်(၅၆)နှစ်

ရခိုင်ပြည်နယ်၊ မြောင်းဘွေမြို့နေ (ဦးစိန်လှ)(အငြိမ်းစား၊ကျောင်းဆရာ)-(ဒေါ်ဦးခင်)တို့၏ သား၊ ကျောက်တန်းမြို့နေ (ဦးရင်မောင်)(အထက်တန်းရှေ့နေ)-(ဒေါ်သင်းလှိုင်)တို့၏ သားသမက်၊ မြောင်းဘွေမြို့နေ ဦးမောင်လှဝင်း၊ ရန်ကုန်မြို့နေ ဒေါ်လှသန်း (ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)တို့၏ အစ်ကို၊ ကျောက်တန်းမြို့၊ လမ်းသစ်လမ်း ၊အလယ်ပိုင်းရပ်ကွက်နေ ဒေါ်ခင်ခင်ဌေး(အမက၊အောင်သုခ၊ကျောက်တန်း) ၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးမောင် (တတိယနှစ်၊ ဆေး-၂)၊ မောင်စံရွှေထွန်းတို့၏ဖခင်သည် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး၌ ၂၀-၃-၂၀၀၄ရက် နံနက် ၇:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၀၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(ကျောက်တန်းမြို့နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်မောင်ဝင်း
C.D.C 14267(Inter Ocean)
Radio Officer
အသက်(၅၂)နှစ်

ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ နမစုရပ်ကွက်နေ ဦးပေါ်များ၊ ဒေါ်စန်းရီတို့၏သားကြီး၊ ဦးလှသိန်း-ဒေါ်အေးတို့၏သားသမက်၊ ရွှေကုန်သည် ဦးတင်လှိုင်-ဒေါ်ဝင်းမေတို့၏ အစ်ကိုကြီး၊ ဦးတင်လှ-ဒေါ်သောင်းရင်တို့၏ မောင်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၂၅နေ ဒေါ်ဝင်းဝင်းသိန်း၏ခင်ပွန်း၊ မအေးသင်းဆင့်(B.A Eco)၊ မောင်သိန်းထွဋ်(1st Law)၊ မစန္ဒာအေး (အထက-၄၊ တာမွေ)တို့၏ ဖခင်၊ မောင်မျိုးသန်းထိုက်၏ ဦးလေး၊ မောင်မင်းအေးလူ၏ အဘိုးသည် ၁၈-၃-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးအောင်ဇေယျ
B.Sc(Chemistry)
အသက်(၄၅)နှစ်

လှိုင်ကော်မြို့၊ နောင်ယား(က) ရပ်ကွက်၊ အမှတ်န/၆၃နေ (ဦးဝင်းဖေ-ဒေါ်သန်းသန်း)တို့၏သား၊ ဦးစံသိန်း-ဒေါ်ခင်သန်းဝင်း၊ (ဦးညွန့်ဝင်း)၊ (ဦးနေဝင်း)-ဒေါ်စန်းစန်းသွင်၊ (ဦးရဲဝင်း)-ဒေါ်အေးအေးအောင်၊ ဦးအေးဝင်း- ဒေါ်လှလှဌေး၊ ဒေါ်တင်ဌေးဝင်း၊ ဒေါ်တင်မြဝင်းတို့၏ညီ/မောင်သည် ၁၉-၃-၂၀၀၄ ရက် (သောကြာနေ့) ည၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၀၄ ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် နာနတ်တောသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းကြည် (ပုသိမ်မြို့)
အသက်(၈၂)နှစ်

ပုသိမ်မြို့၊ တကောင်းဘုရားလမ်းနေ (ဦးမောင်စိန်-ဒေါ်ကျင်)တို့၏သမီးကြီး၊ ပုသိမ်မြို့၊ငှက်ပျောတန်းလမ်းနေ (ဦးစိတ်ကောင်း-ဒေါ်စံငွေ)တို့၏ သမီးချွေးမ၊ရန်ကုန်မြို့၊အရှေ့ရန်ကင်း၊ (၄) ရပ်ကွက်၊ တိုက် ၂၁၀၊ အခန်း ၇နေ (ဦးဟုတ်ရှိန်)၏ဇနီး၊ ဦးစိုးညွန့်(လက်ထောက်စက်ရုံမှူး၊ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ၊သမိုင်း)-ဒေါ်ခင်အေးရီ တို့၏မိခင်၊ ဦးခင်ဇော်-ဒေါ်ဝါဝါစိုး၊ ဦးသန်းထွန်း-ဒေါ်ညိုညိုစိုး၊ ဦးကျော်စွာအောင်-ဒေါ်အေးအေးစိုး၊ ဦးဇော်မြင့်စိုး၊ ဦးဇော်လင်း-ဒေါ်ငြိမ်းငြိမ်းစိုး၊ ဦးလှမျိုး-ဒေါ်ဝင့်ဝင့်စိုးတို့၏အဘွား၊ မခန့်ကေခိုင် (X-H ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၊ မထက်ဦးဝေ(IV-F ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း)၊ မောင်ဝေယံလင်း၊ မောင်ဖိုးသဲတို့၏ ဘွားဘွားကြီးသည် ၁၉-၃-၂၀၀၄ ရက် (သောကြာနေ့) ည ၉:၃၅ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၀၄ ရက်(တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းကြည် (ပုသိမ်မြို့)
အသက်(၈၂)နှစ်

ပုသိမ်မြို့၊တကောင်းဘုရားလမ်းနေ (ဦးမောင်စိန်-ဒေါ်ကျင်)တို့၏ သမီးကြီး၊ (ဦးဟုတ်ရှိန်)၏ဇနီး၊ (ဦးဟန်ကြည်-ဒေါ်စန်းကြည်)၊ဒေါ်ထားကြည်၊ဒေါ်အေးမြင့်၊ ဦးသက်ခိုင်-ဒေါ်စန်းယဉ်တို့၏ အစ်မကြီး၊(ဗိုလ်မှူးသန်းဝင်း)-ဒေါ်မြင့်မြင့်သက်၊ ဦးမောင်မောင်အေး-ဒေါ်အေးအေးခိုင်၊ ဦးစိုးခိုင်၊ ဦးထွန်းထွန်းခိုင်-ဒေါ်တင်တင်ကျော်၊ ဦးကျော်ကျော်ခိုင်တို့၏ကြီးတော်၊ မြေးရှစ်ယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၁၉-၃-၂၀၀၄ ရက်(သောကြာနေ့) ည ၉:၃၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၁-၃-၂၀၀၄ရက်(တနင်္ဂနွေနေ့)ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ ညနေ ၃:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ညွန့်စိန် (ပဲခူးမြို့)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊အမှတ် ၁၀၂၉၊ သုမင်္ဂလာလမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ[ဦးမြမောင်(ခ)ဦးရှမ်း]၏ဇနီး၊ (ဦးစံထွန်း-ဒေါ်သိန်းချစ်)တို့၏သမီး၊ ဦးမြင့်စိုး-ဒေါ်မူမူ (ဒု-လ/ထ စက်ရုံမှူး၊ စလေဓာတ်မြေ)၊ (ဦးဖေသက်)-ဒေါ်ခင်ခင်ဌေး၊ဒေါ်အေးမြင့်ကြူ(အမက-၄၁၊ သဃ်္ဃန်းကျွန်း)၊ ဦးဝင်းကျော်-ဒေါ်ဆွေဆွေမြင့်(အလက၊ရေနံသာ)၊ ဦးခင်ဝင်း-ဒေါ်အေးအေးကြည်၊ ဦးငွေစံ(ကျောင်းအုပ်ကြီး၊ အမက-၁၃၊ သဃ်္ဃန်းကျွန်း)-ဒေါ်ခင်မြဌေး(အမက-၁၊သဃ်္ဃန်းကျွန်း)၊ ဒေါ်သန်းသန်းဌေး၊ ဦးစိုးအောင်ဝင်း-ဒေါ်သီတာ၊ မမြင့်မြင့်မော်၊မဆွေဆွေဦးတို့၏မိခင်၊ မြေး ၁၀ ယောက်တို့၏ အဘွားသည် ၁၈-၃-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၃:၃၀ နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် စံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်ဝါဝါမြင့်
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ အမှတ် ၉၅၊ ၁၂၃ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးလှမြင့်)၊ ဒေါ်သန်းသန်းတို့၏ ဒုတိယသမီး၊ ဦးမြင့်အုန်း၊ဒေါ်ရီရီမြင့် (စိန်မြရောင်းဝယ်ရေး၊ပြည်မြို့)၊ ဦးလှရွှေ(Suntac Technologies) ဒေါ်နီနီမြင့်(Y.U.F.L)တို့၏ ညီမ၊ ဒေါ်သင်းသင်းမြင့် (Oriental Top Co.,Ltd.)၊ ဦးသန်းအောင်မြင့် (MITT)၊ ဒေါ်တင်မာရီ၊ ဒေါ်ခင်သက်မာမြင့်(Y.C.D.C ပန်းဥယျာဉ်)တို့၏ အစ်မ၊ မပြည့်ဖြိုးဟန် (My Soft Technologies)၊ မပြည့်ဖြိုးအိ၊ မောင်ဝေယံမြင့်အောင်တို့၏ အဒေါ်သည် ၂၀-၃-၂၀၀၄ ရက် (စနေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်တင့်
အသက်(၇၃)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊တုသိတာလမ်းတို၊အမှတ်၃၂၀နေ (ဦးဖိုးဆင့်-ဒေါ်မင်းမေ)တို့၏သမီး၊ (ဗိုလ်ကြီးထွန်းရီ၊ငြိမ်း)၏ဇနီး၊ ဦးစန်းမောင်-ဒေါ်မိမိရီ၊ ညောင်လေးပင်မြို့နေ ဦးခင်မောင်တည်-ဒေါ်စန်းလှ၊ ဦးခင်မောင်စီ-ဒေါ်မြမြဝင်း၊ ဦးတင်စိုး-ဒေါ်ခင်သင်းရီ၊ ဦးရန်အောင်ထွန်း(မြန်မာ့လေကြောင်း)-ဒေါ်သီတာဦးတို့၏မိခင်၊ မြေး၁၄ယောက်၊မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၉-၃-၂၀၀၄ရက် မွန်းလွဲ၂:၃၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ကွယ်လွန်ပါ၍ ၂၁-၃-၂၀၀၄ ရက်(တနင်္ဂနွေနေ့) ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာရင်မြတ်အမိန့်တော်ခံယူခြင်း
ဦးသန်းမြင့်(ခ)အဘာပါကြီး
ဦးစီးမှူး၊သစ်တော(ငြိမ်း)
(မော်လမြိုင်)
အသက်(၇၁)နှစ်

မော်လမြိုင်မြို့၊ရွှေတောင်ရပ်၊ကျိုက်သံလန်ဘုရားလမ်း၊အမှတ်(၄)ဘီနေ (ဒေါ်နှင်းမြိုင်)၏သား၊ ဒေါ်မြကြည်(ခ) ဒေါ်ရစူဘီ၏ခင်ပွန်း၊ဦးညွန့်ဝင်း-ဒေါ်စိန်မြင့်တို့၏အစ်ကို၊ ဦးဝင်းမြင့်-ဒေါ်ယဉ်ယဉ်အေး(မြိုင်သာယာ)၊ ဦးမြင့်သိန်း (မှူခင်းသတင်းထောက်)-ဒေါ်မြင့်မြင့်အေး၊ဦးဝင်းဦး-ဒေါ်သန်းသန်းမြင့်၊ ဦးစိုးနိုင်၊ဒေါ်သီသီမြင့်(အမကလွန်းကွဲခြံကုန်း)၊ ဦးကျော်ကျော်(Makno Co.,Ltd.)-ဒေါ်ခင်လှလှ၊ ဦးဇော်ဇော်-ဒေါ်မခိုင် တို့၏ ဖခင်၊ မြေး၁၄ယောက်တို့၏အဘိုးသည် ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရေတွင်းကုန်းရပ်ကွက်၊အမှတ်၅၇၊ ၁၂၁လမ်းနေအိမ်၌ ၁၉-၃-၂၀၀၄ရက် (သောကြာနေ့)နံနက်၇:၂၀နာရီတွင် အလ္လာရင်မြတ်အမိန့်တော်ခံယူသွားပြီဖြစ်ပါ၍ ယင်းနေ့ညနေ၅နာရီအဆွာရ်နမာဇ်အပြီး ရေဝေးစွန်နီမူဆလင်ကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးကြည်ထွန်း
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
(စာရင်းစစ်ချုပ်ရုံး)
(သန်လျင်မြို့)
အသက်(၇၀)

သန်လျင်မြို့နေ (ဦးထွန်းတင်-ဒေါ်ကျင်တင်)တို့၏သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၅ လမ်း၊ အမှတ် ၄၁နေ(ဦးအုန်းမောင်)-ဒေါ်နှင်းမေတို့၏ သားသမက်၊ ဒေါ်ခင်စမ်းရီ(အထက-၁၊လမ်းမတော်၊ငြိမ်း)၏ခင်ပွန်း၊ သန်လျင်မြို့နေ (ဦးညွန့်ရွှေ)-ဒေါ်နီ၊ ဦးထွန်းအိမ်-(ဒေါ်ရင်လှ)တို့၏မောင်၊ ဦးဉာဏ်ထွန်း-ဒေါ်ခင်ဥမေ၊ ဦးမောင်လှိုင်(စာတည်းမှူးချုပ်၊ စာပေဗိမာန်)-ဒေါ်မြင့်မြင့်အေး၊ ဦးခင်ထွန်း၊ ဗိုလ်မှူးထွန်းဝေ (ယဉ်ကျေးမှုတက္ကသိုလ်)-ဒေါ်တင်တင်အေး၊ ဦးတင်ထွန်း-ဒေါ်အုန်းရီ၊ တပ်ကြပ်ကြီးလွင်ထွန်း-ဒေါ်ခိုင်စပယ်၊ဗိုလ်မှူးဝင်းမြင့်-ဒေါ်ခင်ချိုချိုတို့၏အစ်ကို၊ တပ်ကြပ်စည်သူအောင်-ဒေါ်တင်မိုးသူ၊ ဦးသိန်းဉာဏ်ငွေ၊ ဒေါ်နီလာကြည်(ငွေစုဘဏ်ခွဲ-၁)တို့၏ဖခင်၊ မောင်ရဲမင်းအောင်၏အဘိုးသည် ၁၉-၃-၂၀၀၄ ရက်(သောကြာနေ့) ည၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

မောင်မိုးဃ်းသြော်(ခ) မောင်သိဒ္ဓိအောင်
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
အသက်(၄၀)

မန္တလေးတိုင်း၊ ပြည်ကြီးတံခွန်မြို့နယ်နေ (ဦးပေါ်မောင်-ဒေါ်ခင်မြင့်)တို့၏ သား၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အိမ်အမှတ် ၁၂၊ အောင်သစ္စာလမ်း၊ ၂၉/၇၇၉ နေ ဦးတင်ဝင်း-ဒေါ်ခင်ရီတို့၏တူသားသည် ၁၈-၃-၂၀၀၄ရက် (ကြာသပတေးနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စစ်မှုထမ်းဟောင်းအဖွဲ့စက်ရုံ၊အလုပ်ရုံများစစ်ဆေး စက်ရုံများအလိုက်အရည်အသွေးမီကုန်ချောပစ္စည်းများစဉ်ဆက်မပြတ်ထုတ်လုပ် ဈေးကွက်၌တွင်ကျယ်စွာဖြန့်ချိနိုင်ရေးဆောင်ရွက်ရန်မှာကြား

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကဆောင်ရွက်လျက်ရှိသည့်ရွှေပေါက်ကံစက်မှုဇုန်ရှိ သစ်အချော(T)စက်ရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၀

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ရွှေပေါက်ကံမြို့သစ်နှင့် မြောက်ဥက္ကလာပမြို့နယ်များ၌ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နှင့် ပြန်လည်နေရာချထားရေးညွှန်ကြားရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စက်ရုံ၊အလုပ်ရုံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။

ရွှေပေါက်ကံစက်မှုဇုန်ရောက်ရှိ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း(အငြိမ်းစား) နှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲ ၁နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်း ရွှေပေါက်ကံမြို့သစ် စက်မှုဇုန်ရှိ

စာမျက်နှာ ၁၂ ကော်လံ ၁ ▼

ခေတ်အဆက်ဆက် ပြည်သူ့အတွက်တပ်မတော်

(၅၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု အထူးကဏ္ဍများရည်ညွှန်းချက်

"တပ်မတော်သည် ခေတ်အဆက်ဆက်ပြည်သူ့အကျိုးအစဉ်သယ်ပိုးလျက်ရှိသည်။ အနာဂတ်ကာလများတွင်လည်း ပြည်သူ့အကျိုးဆက်လက်သယ်ပိုးနေကြဦးမည်ဖြစ်သည်။ တပ်မတော်သားများက တိုင်းရင်းသားပြည်သူများအပေါ် မေတ္တာစေတနာထားရှိသကဲ့သို့ တိုင်းရင်းသားပြည်သူများကလည်း တပ်မတော်သားများ၏ တာဝန်ထမ်းဆောင်ရာဒေသအသီးသီးတွင် မေတ္တာစေတနာထား၍ အားပေးကူညီခဲ့သည်။ ဤသည်မှာ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ ထာဝရရှင်သန်နေမည့် စည်းလုံးညီညွတ်မှု အင်အားများပင်ဖြစ်ပါသည်"

✪ မောင်ငြိမ်းချမ်း၏
"တပ်မတော်သားတို့ပါဝင်တည်ဆောက်ခဲ့သောတံတားကြီးများ"
ဆောင်းပါး စာမျက်နှာ (၈-၉)

✪ **"တပ်မတော်နှင့်တိုင်းရင်းသားပြည်သူများ လက်တွဲ၍ ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများ"** စာမျက်နှာ (၇)

✪ ခွန်ရဲသွေး(အေးသာယာ)၏
"ဆက်၍ ချီပါ တပ်မတော်"ကဗျာ စာမျက်နှာ(၁၂)

✪ လှထွဋ်ဦး၏
"တပ်မတော်အစိုးရလက်ထက်မှာ အပြောမဟုတ်တဲ့ လက်တွေ့မျက်မြင်ဘက်စုံဖြွင့်တင်မှုတွေရဲ့ရလဒ်"ကာတွန်း
စာမျက်နှာ (၁၂)

(၄၁)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ယူရိုငွေ ၁၈ဒသမ ၂သန်းကျော်ဖိုးရောင်းချရ

ရန်ကုန် မတ် ၂၀

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ကျင်းပလျက်ရှိသော (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ရောက်ရှိလာရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦးနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ၌ ပြည်တွင်းပြည်ပရတနာကုန်သည်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ကျောက်မျက်အတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးကာ ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

စာမျက်နှာ ၁၂ ကော်လံ ၂ ❐

မတ် ၁၉ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ပြည်ထောင်စုအဆင့်မြင့် အားကစားကွင်းသစ်ကြီး ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

(သတင်း-ရွှေဖုံး)(သတင်းစဉ်)